www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြား ရေးသားစီရင်အပ်သော

ဓာတ်ကြီးလေးပါးအကြောင်းမေးပါ

သိကောင်းစရာ တရားတော်

သာသနာ - ၂၅၅၃ ကောဇာ - ၁၃၇၁ ခရစ် - ၂၀၁၀

www.dhammadownload.com

ဤစာအုပ်မှာ သိကောင်းစရာ ဆောင်ပုဒ်များ

❀ ကြမ်းတမ်းမာခက်၊ ချောညက်တမည်၊
တည်ရာကိစ္စ၊ သုကပြုသည်၊
ခံလင့်ဆောင်ရေး၊ ပေါ့လေးထင်သည်၊
ပထဝီဓာတ်၊ သိမှတ်မြတ်ယောဂီ။

❀ အရည်တစ်နည်း၊ ယိုစီးတမည်၊
စိုထိုင်းဖွဲ့ထွား၊ တိုးပွားစေသည်၊
စေးကပ်ပူးတွဲ၊ လုံးခဲထင်သည်၊
အာပေါဓာတ်၊ သိမှတ်မြတ်ယောဂီ။

❀ အပူအနွေး၊ အအေးတမည်၊
ပူငွေ့ပေးလျက်၊ ရင့်ကျက်စေသည်၊
နူးညံ့ပျော့ပျောင်း၊ ဆင့်လောင်းပေးသည်၊
တေဇောဓာတ်၊ သိမှတ်မြတ်ယောဂီ။

❀ ထောက်ကန်တောင့်တင်း၊ လျော့ခြင်းတမည်၊
ယိမ်းယိုင်လှုပ်ရှား၊ ရွေ့သွားတတ်သည်၊
သူလိုရာဘက်၊ တွန်းလျက်ဆောင်သည်၊
ဝါယောဓာတ်၊ သိမှတ်မြတ်ယောဂီ။

www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြားရေးသားစီရင်အပ်သော

ဓာတ်ကြီးလေးပါးအကြောင်းမေးပါ သိကောင်းစရာ

တရားတော်

သဒ္ဓမ္မရံသီရိပ်သာ

အမှတ်(၇)၊ ဇေယျာခေမာလမ်း၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

၂၀၁၀-ခုနှစ်၊ ဧပြီလ

အုပ်ရေ - ၂၀၀၀

တန်ဖိုး -

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး

ဦးဝင်းနိုင် (မှတ်ပုံတင်အမှတ်-၀၃၈၄၃/၀၂၄၅)က ထုတ်ဝေ၍

ဦးသိန်းထွန်း (၀၄၈၂၂)၊ သိန်းထွန်းအော့ဖ်ဆက်

အမှတ်-၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊

တာမွေမြို့နယ်၊ ရန်ကုန်မှ ပုံနှိပ်သည်။

ဖုန်း - ၅၄၂၀၅၆

ဖြန့်ချိရေး

ဒု-ဗိုလ်မှူးကြီး တင်အောင်(လေ-ငြိမ်း) (၀၃၃၆၆)

သဒ္ဓမ္မရံသီစာပေ၊ အမှတ်-၇၊ ဇေယျာခေမာလမ်း၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိသည်။

ဖုန်း - ၀၁-၆၆၁၅၉၇၊ ၆၅၀၅၇၆

www.dhammadownload.com



သဒ္ဓမ္မရံသီရိပ်သာပဓာနနာယကဆရာတော်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
အဘိဓဇမဟာရဋ္ဌဂုရု
ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ

www.dhammadownload.com

ဓာတ်ကြီးလေးပါးအကြောင်းမေးပါ
သိကောင်းစရာ တရားတော်

ဒီနေ့ ၁၃၆၅-ခုနှစ်၊ နယုန်လပြည့်နေ့ နေ့လယ်ပိုင်းမှာ ဟောကြားရမည့် တရားတော်က ဓာတ်ကြီးလေးပါးတရားတော် ဟောကြားပေးပါ့မယ်။ တရားအားထုတ်တဲ့အခါမှာ ဓာတ်ကြီးလေးပါးကို တွေ့သိရပုံဖြစ်ပေတယ်။

၁၉၉၇-ခုနှစ်၊ ဩစတေးလျနိုင်ငံ၊ ဘလူးမောင်းတိန်းတရားရိပ်သာတွင် တရားစခန်းဖွင့်၍ တရားဟောတရားပြ ဆောင်ရွက်တဲ့အခါမှာ အဲဒီရိပ်သာက မေးခွန်းတွေ မေးကြတဲ့အထဲတွင် ဓာတ်ကြီးလေးပါးသိချင်တဲ့အကြောင်း၊ ဒီဓာတ်ကြီးလေးပါးကို ဘယ်လိုသိရမလဲဆိုတဲ့ မေးခွန်းတွေမေးကြလို့၊ သူတို့မေးတဲ့မေးခွန်းလေးတွေက တရားနာပရိသတ်များအတွက်

www.dhammadownload.com

အကျိုးများလိမ့်မယ်လို့ ယူဆရတဲ့အတွက်ကြောင့် အဲဒီ ဘလူးမောင်းတိန်းတရားစခန်းကမေးတဲ့ မေးခွန်းလေးတွေကို ခေါင်းစဉ်ထားပြီးတော့ တရားနာပရိသတ်များကို ဟောကြားပေးပါ့မယ်။

၁-နံပါတ်မေးခွန်းက ပထဝီ တေဇော အာပေါ ဝါယောဟူသော ဓာတ်ကြီးလေးပါးတို့၏ အဓိပ္ပါယ်ကို သိလိုပါတယ်၊ ရှင်းပြပါဆိုတဲ့ မေးခွန်းဖြစ်တယ်။

၂-နံပါတ်မေးခွန်းက တရားထိုင်ရာတွင် ယင်း ဓာတ်ကြီးလေးပါး ပေါ်လာတာကို ဘယ်လိုသိရပါမလဲ ဆိုတဲ့ မေးခွန်းဖြစ်တယ်။

၃-နံပါတ်မေးခွန်းက ထိုဓာတ်ကြီးလေးပါးကို သိထားဖို့လိုပါသလားလို့မေးတဲ့ မေးခွန်းဖြစ်တယ်။

၁-နံပါတ်မေးခွန်းက ပထဝီ တေဇော အာပေါ ဝါယောဟူသော ဓာတ်ကြီးလေးပါးတို့၏ အဓိပ္ပါယ်ကို သိလိုပါတယ်၊ ရှင်းပြပါ။ ၂-နံပါတ်မေးခွန်းက တရား

www.dhammadownload.com

ထိုင်ရာတွင် ယင်းစာတ်ကြီးလေးပါး ပေါ်လာတာကို ဘယ်လိုသိရပါမလဲ။ မသိသင့်ပါဘူးလား ... သိသင့်ပါတယ်ဘုရား။ ၃-နံပါတ်မေးခွန်းက ထိုဓာတ်ကြီးလေးပါးကို ကြိုတင်ပြီးတော့ သိထားသင့်ပါသလား၊ သိထားဖို့ လိုပါသလားတဲ့။ အဲဒါလည်း မမေးသင့်ပါဘူးလား ... မေးသင့်ပါတယ်ဘုရား။ မေးသင့်တာပဲဟု သဘောကျလို့ တရားဆောင်းပါးထဲမှာလည်း ဖြေပေးလိုက်ပါတယ်။

၁ – နံပါတ်မေးခွန်း၏အဖြေ

ပထဝီ တေဇော အာပေါ ဝါယောဟူသော ဓာတ်ကြီးလေးပါးတို့၏ အဓိပ္ပါယ်ကို သိလိုပါတယ်၊ ရှင်းပြပါဆိုတဲ့ မေးခွန်းရဲ့အဖြေမှာ - ပထဝီဓာတ် ထင်ရှားပုံ ၂-မျိုးရှိပါတယ်။

ပထဝီဓာတ်သည် ထက်မြက်တဲ့ ပထဝီဓာတ်နှင့် နုံ့တဲ့ပထဝီဓာတ်ဟူ၍ ၂-မျိုးရှိပေသည်။ ထက်မြက်တဲ့ ပထဝီဓာတ်က ခက်မာတဲ့သဘော၊ မာကျောတဲ့သဘော များ ထင်ရှားတယ်။ နုံ့တဲ့ ပထဝီဓာတ်က နူးညံ့ခြင်း

www.dhammadownload.com

သဘော၊ ပျော့ပျောင်းခြင်းသဘောများ ထင်ရှားတယ်လို့ ပထဝီဓာတ်ရဲ့သဘောကို ရှင်းပြပေးခဲ့ပါတယ်။

ထက်မြက်တဲ့ ပထဝီဓာတ်က ခက်မာတဲ့သဘော နှင့် မာကျောတဲ့သဘော ထင်ရှားတယ်။ နုံ့တဲ့ပထဝီဓာတ်က နူးညံ့ခြင်းသဘောနဲ့ ပျော့ပျောင်းခြင်းသဘော ထင်ရှားတယ်လို့ ဖြေပေးခဲ့ပါတယ်။ တရားနာပရိသတ်များအတွက်လည်း သဘောကျစရာပါပဲ။

တေဇောဓာတ်ထင်ရှားပုံ ၂-မျိုးရှိပါတယ်။ တေဇောဓာတ်သည် တစ်ခါတစ်ရံ ပူတဲ့သဘော ထင်ရှားတယ်။ ရင့်ကျက်တဲ့သဘော ထင်ရှားတယ်။ ပူပြီးတော့ ရင့်ကျက်တဲ့သဘော ထင်ရှားတယ်။

တစ်ခါတစ်ရံကျပြန်တော့လည်း အေးတဲ့သဘော ထင်ရှားတယ်။ အေးပြီးတော့ ရင့်ကျက်တဲ့သဘောလည်း ထင်ရှားတယ်။ တေဇောဓာတ်သည် ပူတဲ့သဘော၊ ပူပြီးတော့ ရင့်ကျက်စေတဲ့သဘောလည်း ထင်ရှားတယ်။

www.dhammadownload.com

အေးပြီးတော့ အအေးဖြင့် ရင့်ကျက်စေတဲ့သဘော လည်း ထင်ရှားတယ်။ တေဇောဓာတ်ကလည်း ဘယ် နှမျိုးထင်ရှားပါလဲ ... ၂-မျိုးထင်ရှားပါတယ်ဘုရား။

အာပေါဓာတ်ထင်ရှားပုံ ၂-မျိုးရှိပါတယ်။ အာပေါ ဓာတ်သည် တစ်ခါတစ်ရံ ဖွဲ့စည်းတဲ့သဘော၊ ယိုစီးတဲ့ သဘော ထင်ရှားတယ်။ ဖွဲ့စည်းတာလည်း အာပေါ ဓာတ်ရဲ့သဘော၊ ယိုစီးတာလည်း ... အာပေါဓာတ်ရဲ့ သဘောပါဘုရား။ တစ်ခါတစ်ရံ စိုထိုင်းတဲ့သဘော စိုစိုထိုင်းထိုင်းကြီး ထင်ရှားတယ်။ ဖွံ့ဖြိုးတဲ့သဘောလည်း ထင်ရှားတယ်။ တရားထိုင်နေတဲ့အခါ တစ်ခါတစ်ရံ ခန္ဓာကိုယ်ကြီးက ပွပြီးတော့ ကြီးနေတယ်လို့ တချို့ ယောဂီတွေ မထင်တတ်ပါဘူးလား ... ထင်တတ်ပါ တယ်ဘုရား။ အာပေါဓာတ်ရဲ့သဘော ထင်ရှားတာ ဖြစ်တယ်။

ဝါယောဓာတ်ထင်ရှားပုံ ၂-မျိုးရှိပါတယ်။ ဝါယော ဓာတ်သည် တစ်ခါတစ်ရံ ထောက်ကန်တောင့်တင်းတဲ့

www.dhammadownload.com

သဘော ထင်ရှားတယ်။ တစ်ခါတစ်ရံ လျော့သွားတဲ့ သဘောလည်း ထင်ရှားတယ်။ တစ်ခါတစ်ရံ ယိမ်းယိုင် နေသည့်သဘောလည်း ထင်ရှားတယ်။ ရွေ့သွားတဲ့ သဘောလည်း ထင်ရှားတယ်။ ဝါယောဓာတ်သည် ထောက်ကန်တဲ့သဘောလည်း ထင်ရှားတယ်။ လျော့ သွားတဲ့သဘောလည်း ထင်ရှားတယ်။ တစ်ခါတစ်ရံကျ တော့လည်း ယိမ်းယိုင်တဲ့သဘော၊ ရွေ့သွားတဲ့သဘော တွေလည်း မထင်ရှားတတ်ပါဘူးလား ... ထင်ရှားတတ် ပါတယ်ဘုရား။

ယောဂီများ တစ်ခါတစ်ရံ ယိမ်းနေလိုက်တာ၊ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားတယ်။ ဤကဲ့သို့ ဓာတ်ကြီးလေးပါးရဲ့ သဘော အဓိပ္ပါယ်ကို ဖြေပေးခဲ့ပါတယ်။ ဓာတ်ကြီးလေးပါးတို့၏ အဓိပ္ပါယ်ကို သိလိုပါတယ်၊ ရှင်းပြပါဆိုတဲ့ မေးခွန်းရဲ့ အဖြေ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ယခု ၂-နံပါတ် မေးခွန်းရဲ့အဖြေကို ဟောကြားပေးပါတော့မယ်။

www.dhammadownload.com

၂-နံပါတ်မေးခွန်း၏အဖြေ

တရားထိုင်ရာတွင် ယင်းဓာတ်ကြီးလေးပါး ပေါ်လာတာကို ဘယ်လိုသိရပါမလဲ၊ သိထားဖို့မကောင်းပါဘူးလား ... သိထားဖို့ကောင်းပါတယ်ဘုရား။ သိထားဖို့ကောင်းပါတယ်။

ပထဝီဓာတ်ပေါ်လာပုံ

ယောဂီများ တရားထိုင်၍ ရှုမှတ်ရာမှာ ပထဝီဓာတ်ပေါ်လာပုံမှာ တစ်ခါတစ်ရံ မာကျောသည့် တုတ်ချောင်းကြီးပေါ်မှာ ထိုင်နေရသလို မထင်တတ်ပါဘူးလား ... ထင်တတ်ပါတယ်ဘုရား။ "တစ်ခါတစ်ရံ နူးညံ့သည့်ဆိုဖာကြီးပေါ်မှာ ထိုင်နေရသလိုပဲဘုရား" ယောဂီများ မကြာခဏ မလျှောက်ထားပါဘူးလား ... လျှောက်ထားပါတယ်ဘုရား။ လျှောက်ထားတယ်။ အဲဒီလို သိမြင်လာတာသည် မိမိရဲ့ခန္ဓာကိုယ်မှာ ပထဝီဓာတ်ပေါ်တာကို သိရခြင်းပဲဖြစ်တယ်။

www.dhammadownload.com

ခက်မာတဲ့ပထဝီဓာတ်ကျတော့ တုတ်ချောင်းကြီးပေါ်မှာ ထိုင်ထားရသလို ထိုင်နေရသလို၊ နူးညံ့တဲ့ပထဝီဓာတ်ကျတော့ ဆိုဖာကြီးပေါ်မှာ ထိုင်နေရသလို ပျော့ပျောင်းနူးညံ့တဲ့အပေါ်မှာ ထိုင်နေရသလို၊ အဲဒီလို တစ်ခါတစ်ရံ မသိတတ်ပါဘူးလား ... သိတတ်ပါတယ်ဘုရား။ သိကြရပါတယ်။ လက်တွေ့အားဖြင့် သိရတာဖြစ်တယ်။

တေဇောဓာတ်ပေါ်လာပုံ

တေဇောဓာတ်ပေါ်လာတာကို ပြောကြားပေးပါတော့မယ်။ ယောဂီများ တရားထိုင်၍ ရှုမှတ်ရာတွင် တစ်ခါတစ်ရံ အောက်ပိုင်းခန္ဓာကိုယ်က ပူနေပြီး အထက်ပိုင်းခန္ဓာကိုယ်ကျတော့ အေးနေတယ်။ ဒီလိုလည်း မသိရပါဘူးလား ... သိရပါတယ်ဘုရား။ သိရပါတယ်။

တစ်ခါတစ်ရံ အောက်ပိုင်းခန္ဓာကိုယ်က အေးနေပြီးတော့ အထက်ပိုင်းခန္ဓာကိုယ်က ပူနေတာကိုလည်း

www.dhammadownload.com

... သိရပါတယ်ဘုရား။ သိရပါတယ်။ အဲဒီလို သိရတာ မိမိတို့ ခန္ဓာကိုယ်မှာ ဝေဒနာစိတ်ပေါ်နေတာကို သိရခြင်းပဲဖြစ်တယ်လို့ ဟိုတရားစခန်းမှာလည်း ဒီတိုင်းပဲ ဖြေပေးခဲ့ပါတယ်။ ထင်ရှားပါရဲ့လား ... ထင်ရှားပါတယ်ဘုရား။

တစ်ခါတစ်ရံ အောက်ပိုင်းကပူ၍ အထက်ပိုင်းက အေးနေ၊ တစ်ခါတစ်ရံ အောက်ပိုင်းကအေး၍ အထက်ပိုင်းက ပူနေတာ ဘယ်စိတ်ကို တွေ့ရတာပါလဲ ... ဝေဒနာစိတ်ကို တွေ့ရတာပါဘုရား။

ဝေဒနာစိတ်က သီတဝေဒနာနှင့် ဥဏှဝေဒနာဟူ၍ ၂-မျိုးရှိပေတယ်။ သီတဝေဒနာက အအေးစာတ်ဖြစ်တဲ့ဝေဒနာ၊ ဥဏှဝေဒနာက အပူဓာတ်ဖြစ်တဲ့ဝေဒနာ၊ ၂-ခုလုံးပဲ ရင့်ကျက်စေတာပါပဲ။ အပူဓာတ်ဖြင့်လည်း ရင့်ကျက်စေတယ်၊ အအေးဓာတ်ဖြင့်လည်း ရင့်ကျက်စေတယ်ဟု ထင်ရှားပါတယ်။

www.dhammadownload.com

အာပေါဓာတ်ပေါ်လာပုံ

တရားထိုင်ရာတွင် အာပေါဓာတ်ပေါ်လာပုံ ဟော ကြားပေးပါမယ်။ ဟိုတရားစခန်းမှာ ဖြေခဲ့တဲ့အတိုင်းပါပဲ။ ယောဂီများ တရားထိုင်၍ ရှုမှတ်ရာတွင် တစ်ခါတစ်ရံ ချွေးတွေ ထွက်သင့်တာထက် ပိုပြီးတော့ ထွက်လာ တယ်။ တစ်ခါတစ်ရံ နှာရည်တွေ ယိုကျသင့်တာထက် ပိုပြီးတော့ ယိုကျလာတယ်။ တစ်ခါတစ်ရံ တံတွေးတွေ ပါးစပ်ထဲမှာ ပြည့်လာတယ်။ တစ်ခါတစ်ရံလည်း နှာရည်တွေ စီးကျလာတယ်။ တစ်ခါတစ်ရံ ခန္ဓာကိုယ် ကြီး ကြီးထွားလာသလို ထင်လာတတ်ပါတယ်။

တစ်ခါတစ်ရံလည်း ခန္ဓာကိုယ်ကြီး စိုထိုင်းနေ သလိုလည်း ထင်လာတတ်ပါတယ်။ မထင်လာတတ်ပါ ဘူးလား ... ထင်လာတတ်ပါတယ်ဘုရား။ ဘယ်ဓာတ် ထင်လာတာပါလဲ ... အာပေါဓာတ် ထင်လာတာပါ ဘုရား။ အာပေါဓာတ် ထင်လာတာဖြစ်တယ်။

www.dhammadownload.com

ချွေးတွေ ထွက်သင့်တာထက် ပိုထွက်လာတယ်။ နာရည်တွေ ယိုကျလာတယ်၊ ယိုစီးလာတယ်။ တံတွေးတွေ များလာတယ်။ ခန္ဓာကိုယ်ကြီး ကြီးထွားလာတယ်။ ထိုင်နေတဲ့နေရာမှာ စိုနေတယ်၊ စိုထိုင်းနေတယ်လို့ ထင်လာကြတယ်။ အဲဒါ ဘယ်ဓာတ်ကို တွေ့သိရတာပါလဲ ... အာပေါဓာတ်ကို တွေ့သိရတာပါဘုရား။ အာပေါဓာတ်ကို တွေ့သိရတာတဲ့။ အာပေါဓာတ် ထင်ရှားတာ၊ အာပေါဓာတ်ကို တွေ့သိရတာဖြစ်တယ်။

ဝါယောဓာတ်ပေါ်လာပုံ

တရားထိုင်၍ ရှုမှတ်ရာတွင် ဝါယောဓာတ်ပေါ်လာတာကို ပြောကြားပါတော့မယ်။ ဝါယောဓာတ်တွေ့သိရပုံမှာ ယောဂီများ တရားထိုင်ပြီးတော့ ရှုမှတ်တဲ့အခါတွင် တစ်ခါတစ်ရံ ရှေ့ကိုတွန်းချနေသလို၊ တစ်ခါတစ်ရံ နောက်ကိုတွန်းချသလို တွေ့သိကြရတယ်။ တစ်ခါတစ်ရံလည်း ဘေးကိုဆွဲချသလို၊ တစ်ခါတစ်ရံလည်း ခန္ဓာကိုယ်ကြီး အမျိုးမျိုးယိမ်းယိုင်နေသလို၊ တစ်ခါတစ်ရံလည်း လက်တွေခြေတွေ တုန်ခါနေသလို

www.dhammadownload.com

မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။ ဘယ်ဓာတ် သဘောကို တွေ့ရတာပါလဲ ... ဝါယောဓာတ်သဘော ကို တွေ့ရပါတယ်ဘုရား။ ဝါယောဓာတ်သဘောကို တွေ့ရတယ်လို့ ဒီလိုပဲ တရားစခန်းမှာလည်း ဖြေပေးခဲ့ ပါတယ်။ ဝါယောဓာတ်သဘောတွေ သိနိုင်သမျှသိ အောင် ဖြေပေးရပါတယ်။

ရှေ့ကိုတွန်းချ၊ နောက်ကိုတွန်းချ၊ ဘေးကိုဆွဲချ၊ ယိမ်းယိုင်နေတာ၊ တုန်ခါနေတာတွေဟာ ဘယ်ဓာတ်ရဲ့ သဘောပါလဲ ... ဝါယောဓာတ်ရဲ့သဘောပါဘုရား။ ဝါယောဓာတ်ရဲ့သဘောဖြစ်တယ်။ တချို့က လက်တွေ သိပ်ကိုတုန်ခါနေတယ်၊ "အရင်က ဒီလောက် တုန်ခါလို့ တောင်မရဘူး၊ တုန်ခါလိုက်တာဘုရား။" ဘယ်လိုမှတ် ရမလဲ၊ "တုန်တယ် တုန်တယ်" "ခါတယ် ခါတယ်" မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။

အဲဒါကတော့ ဥဗ္ဗေဂပီတိနဲ့လည်း နည်းနည်း ရောလာတာဖြစ်တယ်။ ရောလာတော့ တုန်သထက် ပိုတုန်လာလို့ရှိရင် ပီတိဝင်လာလို့ဖြစ်တယ်။ "တုန်တယ်

www.dhammadownload.com

တုန်တယ်" "ခါတယ် ခါတယ်"ဟု မမှတ်ပေးရပါဘူးလား ... မှတ်ပေးရပါတယ်ဘုရား။ ဒုတိယမေးခွန်းကို ဖြေတာလည်း အသင့်အတင့် ပြည့်စုံသွားပါပြီ။ ဒုတိယမေးခွန်း၏အဖြေကို ဟောကြားပေးတာလည်း အသင့်အတင့် ပြည့်စုံသွားပါပြီ။

၃ – နံပါတ်မေးခွန်း၏အဖြေ

တတိယမေးခွန်းဖြစ်တဲ့ "ဓာတ်ကြီးလေးပါးကို သိထားဖို့ လိုပါသလားဘုရား"ဟုဆိုတဲ့ မေးခွန်း၏ဆိုလိုရင်းကတော့ တရားမထိုင်ခင်ကတည်းက ကြိုတင်ပြီး သိထားဖို့ လိုပါသလားလို့ မေးတာပါပဲ။ လိုပါသလား ... လိုပါတယ်ဘုရား။ သိထားဖို့လိုတယ်။ တရားနာပရိသတ်များတော့ သဘောတွေပေါက်နေကြပါတယ်။

ဓာတ်ကြီးလေးပါးရဲ့သဘောကို ကြိုတင်၍ မသိထားလို့ရှိရင် ယုံမှားသံသယတွေဖြစ်ပြီးတော့ ယောဂီက စဉ်းစားနေတာ များနေတတ်ပေတယ်။ ဒါတရားမှ ဟုတ်မှဟုတ်ပါရဲ့လား၊ တရားမှ ဟုတ်မှဟုတ်ပါရဲ့လားလို့

www.dhammadownload.com

စဉ်းစားနေရင် တရားနှေးမလား၊ မြန်မလား ... နှေးပါ မယ်ဘုရား။ နှေးသွားလိမ့်မယ်။

တရားသဘော ဟုတ်မှဟုတ်ပါ့မလား၊ ဟုတ်မှ ဟုတ်ပါ့မလားဆိုတဲ့ အဲဒီသံသယကြီးရှိနေတော့ အမှတ် ကိုပြည့်အောင် မမှတ်နိုင်ဘူး။ စိပ်စိပ်မမှတ်နိုင်တော့ တရားတွေနှေးသွား တရားတွေကြာသွားလိမ့်မယ်တဲ့။

ပထဝီဓာတ်ကို သိထားသင့်ပုံ

ပထဝီဓာတ်ကို သိထားသင့်ပုံကို အခုဟောကြား ပေးပါတော့မယ်။ ယောဂီများ တရားထိုင်၍ ရှုမှတ်ရာ၌ တစ်ခါတစ်ရံ မာတာကိုလည်းတွေ့ရ၊ တစ်ခါတစ်ရံ ပျော့တာကိုလည်း မတွေ့သိရပါဘူးလား ... တွေ့သိရ ပါတယ်ဘုရား။

ဤကဲ့သို့ တွေ့သိနေရတာကို ပထဝီဓာတ်ရဲ့ သဘောကို မသိထားတဲ့ပုဂ္ဂိုလ်တွေကျတော့ ဒီလိုတွေ့ နေရတာ တရားသဘောမှ ဟုတ်မှဟုတ်ပါရဲ့လား၊

www.dhammadownload.com

ဘာတွေဖြစ်နေမှန်းလည်း မသိဘူးလို့ သံသယတွေ ဖြစ်နေတတ်တယ်။ သံသယတွေ ဖြစ်နေရင်တော့ တရားနေ့မလား၊ မြန်မလား ... တရားနေ့ပါမယ်ဘုရား။

ဩော်-တရားသဘောမှ ဟုတ်မှဟုတ်ပါရဲ့လား၊ အဲဒီလို မာတာပျော့တာတွေ တွေ့နေရတာ တရားမှ ဟုတ်မှဟုတ်ပါရဲ့လားလို့ စဉ်းစားနေရင်တော့၊ သံသယ တွေ ဖြစ်နေရင်တော့ အမှတ်တွေ မကျဲသွားပါဘူးလား ... အမှတ်တွေ ကျဲသွားပါမယ်ဘုရား။ ဒီတော့ မနေး သွားပါဘူးလား ... နေးသွားပါမယ်ဘုရား။ နေးသွားမယ်၊ ဒါ့ကြောင့် ပဋိဃာတ်ကိုလည်း မသိထားသင့်ပါဘူးလား ... သိထားသင့်ပါတယ်ဘုရား။

တေဇောဓာတ်ကို သိထားသင့်ပုံ

တေဇောဓာတ်ကို သိထားရပုံမှာ - ယောဂီများ တရားထိုင်၍ ရှုမှတ်ရာတွင် တစ်ခါတစ်ရံ ခန္ဓာကိုယ် တစ်နေရာမှ ကွက်ပြီးတော့ ပူနေတာ၊ တစ်နေရာမှ ကွက်ပြီးတော့ အေးနေတာ တွေ့သိကြရပါတယ်။

www.dhammadownload.com

အထက်ပိုင်းခန္ဓာကိုယ်က ပူ၊ အောက်ပိုင်းခန္ဓာကိုယ်က အေး၊ အောက်ပိုင်းခန္ဓာကိုယ်က ပူ၊ အထက်ပိုင်းခန္ဓာကိုယ်က အေး၊ ဒီလိုလည်း မတွေ့ကြရပါဘူးလား ... တွေ့ကြရပါတယ်ဘုရား။

အဲဒီလို တွေ့သိရသောအခါ တေဇောဓာတ်ရဲ့သဘောကို မသိထားရင်တော့ တရားဟုတ်မှဟုတ်ပါ့မလား၊ ဘာတွေများ တွေ့နေရမှန်းလည်း မသိဘူးလို့ ဒီလို ယုံမှားသံသယတွေ ဖြစ်မနေတတ်ပါဘူးလား ... ဖြစ်နေတတ်ပါတယ်ဘုရား။ ဖြစ်နေရင်တော့ တရားနေးမလား၊ မြန်မလား ... နေးပါမယ်ဘုရား။ နေးသွားလိမ့်မယ်။ ဒါကြောင့်မို့ တေဇောဓာတ်ရဲ့သဘောကိုလည်း မသိထားရပါဘူးလား ... သိထားရပါမယ်ဘုရား။

အာပေါဓာတ်ကို သိထားသင့်ပုံ

အာပေါဓာတ်ကိုလည်း သိထားရမယ်။ ယောဂီများ တရားထိုင်ရာတွင် "တစ်ခါတစ်ရံ ပြင်ပဥတုက အေးနေပါလျက်နဲ့ ခန္ဓာကိုယ်က ချွေးတွေထွက်လိုက်တာ၊

www.dhammadownload.com

ယိုစီးကျနေတယ်ဘုရား။" ယောဂီများ တစ်ခါတစ်ရံ မလျှောက်ပါဘူးလား ... လျှောက်ပါတယ်ဘုရား။ ယိုစီးတဲ့သဘောတွေ တွေ့နေရတာဖြစ်တယ်။

"ခန္ဓာကိုယ်ကြီးက ကြီးနေသလိုပဲဘုရား၊ စေးကပ်နေသလိုပဲဘုရား"ဟု တစ်ခါတစ်ရံ လျှောက်ထားကြတယ်။ ခန္ဓာကိုယ် ကြီးထွားလာတာ၊ စေးကပ်နေတာတွေ၊ ယိုစီးနေတာတွေ တွေ့ရတဲ့အခါ ဒါတရားသဘောမှ ဟုတ်မှဟုတ်ပါ့မလား၊ တရားသဘောတွေ ဟုတ်မယ်မထင်ပါဘူး စသည်ဖြင့် ယုံမှားသံသယတွေ ဖြစ်နေရင်တော့ တရားမနေးသွားပါဘူးလား ... တရားနေးသွားပါမယ်ဘုရား။ နေးသွားတယ်။ ဒါ့ကြောင့်မို့ အာပေါဓာတ်ကိုလည်း ကြိုတင်ပြီး သိထားသင့်တယ်လို့ ဖြေကြားပေးခဲ့ရပါတယ်၊ ဟောကြားပေးခဲ့ရပါတယ်။

ဝါယောဓာတ်ကို သိထားသင့်ပုံ

ဝါယောဓာတ်ကို သိထားရပုံမှာ - တရားထိုင် မှတ်ရာတွင် တစ်ခါတစ်ရံ ရှေ့ကိုတွန်းချ၊ နောက်ကို

www.dhammadownload.com

တွန်းချ၊ ဘောကိုတွန်းနေတယ်၊ ယိမ်းယိုင်နေတယ်။ အမြန်အမြန်လည်း ယိမ်းယိုင်နေတယ်။ တစ်ခါတစ်ခါလည်း နှေးနှေး ယိမ်းယိုင်နေတယ်။ အဲဒီသဘောတွေ တွေ့ရတော့ ဝါယောဓာတ်ရဲ့သဘောကို မသိထားလို့ ရှိရင် သံသယ မဖြစ်ပါဘူးလား ... သံသယ ဖြစ်ပါမယ် ဘုရား။ တချို့တချို့ ဗဟုသုတမရှိတော့ အပြင်ပက ဝင်ပူးနေပြီ၊ ယောဂီတော့ နေရာမကျတော့ဘူး။ အိမ်ပြန်ပို့ရမယ်၊ မဖြစ်တတ်ပါဘူးလား ... ဖြစ်တတ်ပါတယ် ဘုရား။

ယိမ်းသထက်ပိုယိမ်းတော့ သံသယတွေ ဖြစ်ကုန်တယ်။ တကယ်စင်စစ်တော့ ဘာကိုတွေ့ရတာလဲ ... ဝါယောဓာတ်ရဲ့သဘောကို တွေ့ရတာပါဘုရား။ ဝါယောဓာတ်ရဲ့သဘောကို တွေ့ရတာဖြစ်တယ်။ သမာဓိဖြစ်လာတော့ သူယိမ်းချင်သလို ယိမ်းနေတာပဲ။ ဝါယောဓာတ်ရဲ့သဘောကို ကြိုတင်သိထားတော့ ဒါ ဝါယောဓာတ်ပဲဟုသိတော့ ယိမ်းတဲ့သဘောတွေ ယိုင်တဲ့သဘောတွေ ပြတ်ပြတ်သွားအောင် မရှုမှတ်ရပါ

www.dhammadownload.com

ဘုရား ... ရှုမှတ်ရပါမယ်ဘုရား။ ရှုမှတ်ရပါတယ်။ ဝါယောဓာတ်ရဲ့သဘောကိုလည်း သိထားရမယ်၊ သိထားသင့်တယ်လို့ ဖြေကြားပေးခဲ့ရပါတယ်။

အဲဒီ ဓာတ်ကြီးလေးပါး၏ လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်ဆိုတာတွေကို အဋ္ဌကထာဆရာတွေ ဖွင့်ပြပေးတာကိုလည်း သိသင့်သိထိုက်လို့ ဟောကြားပေးပါဦးမယ်။

ပထဝီဓာတ်၏လက္ခဏာ

ပထဝီဓာတု = ပထဝီဓာတ်သည်၊ ကက္ခဠ လက္ခဏာ = ကြမ်းတမ်းခက်မာခြင်း လက္ခဏာရှိ၏။ ဥပါဋ္ဌာနရသာ = တည်ရာကိစ္စရှိ၏။ သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာနာ = ခံလင့်သော အခြင်းအရာအားဖြင့် ဉာဏ်အား ရှေ့ရှုထင်၏။ ဣတိ = ဤသို့၊ အဋ္ဌကထာစရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ = ကောင်းစွာ မသွေ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com

ပထဝီဓာတ်သည် ကြမ်းတမ်းခက်မာခြင်း လက္ခဏာရှိတယ်။ တည်ရာကိစ္စရှိတယ်။ အခြားအခြားသောဓာတ်တွေရဲ့ တည်ရာကိစ္စရှိတယ်။ ခံလင့်ခြင်း အခြင်းအရာအားဖြင့် ဉာဏ်အားရှေ့ရှုထင်လာတတ်တယ်။ ယောဂီများမှာ ထင်လာတတ်တယ်တဲ့။

အဲဒါကို ရှေးဆရာတော်ကြီးများက အစိပ္ပါယ်ပိုရှင်းသွားရအောင် ဆောင်ပုဒ်ကလေးတွေ စီထားပေးပါတယ်။ အဲဒီဆောင်ပုဒ်တွေ ဆိုကြရအောင်။

ဆောင်ပုဒ်

ကြမ်းတမ်းမာခက်၊ ချောညက်တမည်၊
တည်ရာကိစ္စ၊ သူကပြုသည်၊
ခံလင့်ဆောင်ရေး၊ ပေါ်လေးထင်သည်၊
ပထဝီဓာတ်၊ သိမှတ်မြဲတ်ယောဂီ။

ပထဝီဓာတ်ရဲ့သဘောက "ကြမ်းတမ်းမာခက်" ဆိုတဲ့အတိုင်း ခက်မာတဲ့သဘောလည်း ထင်ရှားတတ်

www.dhammadownload.com

တယ်။ အဲဒီလို ထင်ရှားတာ ပထဝီဓာတ်ရဲ့လက္ခဏာ ဖြစ်တယ်။

"ချောညက်တမည်" ဆိုတဲ့အတိုင်း ချောတဲ့ ညက်တဲ့ ပျော့ပျောင်းတာလည်း ထင်ရှားတတ်တယ်။ အဲဒီလို ထင်ရှားတာလည်း ပထဝီဓာတ်ရဲ့လက္ခဏာ ဖြစ်တယ်။ တရားထိုင်တဲ့အခါမှာတော့ ပိုပြီးတော့ ထင်ရှားတတ်တယ်။ တစ်ခါတလေ တုတ်ချောင်းကြီးလို မာမာကြီးပေါ်မှာ ထိုင်နေရသလို ခံစားရတယ်။ အဲဒါ ကြမ်းတမ်းတဲ့ပထဝီ၊ ထက်မြက်တဲ့ပထဝီကို တွေ့ရတာ ပါပဲ။ တစ်ခါတစ်ခါလည်း ဆိုဖာကြီးပေါ်မှာ ထိုင်နေရ သလို ခံစားရတယ်။ နူးတဲ့ နူးညံ့တဲ့ပထဝီကို တွေ့ရ တယ်။ ပထဝီဓာတ်ရဲ့လက္ခဏာကို တွေ့ရတာပဲ ဖြစ်တယ်။

"တည်ရာကိစ္စ၊ သူ့ကပြုသည်" ဆိုသည့်အတိုင်း ပထဝီဓာတ်ရဲ့ကိစ္စသည် အခြားအခြားသော ဓာတ်တွေရဲ့ တည်ရာသူဖြစ်တယ်။ မြေဓာတ် အမာဓာတ်ဖြစ်တော့

www.dhammadownload.com

အခြားသော စိတ်တွေရဲ့ တည်ရာလည်းဖြစ်တယ်။ ဒါ့ကြောင့် သူက တည်ရာကိစ္စ ဖြစ်ပေတယ်။

"ခံလင့်ဆောင်ရေး၊ ပေါ့လေးထင်သည်"ဆိုသည့် အတိုင်း ယောဂီများမှာ တစ်ခါတစ်ခါ ပေါ့တယ်၊ တစ်ခါ တစ်ခါ လေးတယ်၊ တရားထိုင်နေရင်းလည်း တစ်ခါ တစ်ခါ ပေါ့နေတယ်။ "တစ်ခါတစ်ခါ တပည့်တော် ခန္ဓာကိုယ်ကြီးက လေးလိုက်တာဘုရား"ဟု လျှောက် ထားတယ်။ မထင်တတ်ပါဘူးလား ... ထင်တတ်ပါ တယ်ဘုရား။ ဘယ်စိတ်ထင်လာတာလဲ ... ပထဝီ စိတ်ထင်လာတာပါဘုရား။

ပေါ့ရင်လည်း "ပေါ့တယ် ပေါ့တယ်"ထည့်မမှတ် ရပါဘူးလား ... ထည့်မှတ်ရပါတယ်ဘုရား။ လေးရင် လည်း "လေးတယ် လေးတယ်"ထည့်မှတ်။ စင်္ကြံ လျှောက်တဲ့အခါကျတော့ ပိုထင်ရှားတယ်။ ကြွလိုက် တဲ့အခါ ပေါ့ပေါ့တက်သွားတာ၊ လှမ်းလိုက်တဲ့အခါ ပေါ့ပေါ့ပြီးတော့ ရွေ့သွားတာ၊ ချလိုက်တဲ့အခါ လေး

www.dhammadownload.com

လေးပြီးတော့ ကျသွားတာ ဘယ်ဈာန်ထင်လာတာလဲ ... ပထဝီဈာန် ထင်လာတာပါဘုရား။ ပထဝီဈာန် ထင်လာတာ သိပ်ထင်ရှားတယ်။ ပထဝီဈာန်ပြီးတော့ အာပေါဈာန်ကို သွားကြပါစို့။

အာပေါဓာတ်၏လက္ခဏာ

အာပေါဓာတု = အာပေါဓာတ်သည်၊ ပဂ္ဃရဏ လက္ခဏာ = ယိုစီးသွားခြင်း လက္ခဏာရှိ၏။ ဗျူဟန ရသာ = ပွားစေခြင်းကိစ္စရှိ၏။ သင်္ဂဟ ပစ္စုပဋ္ဌာနာ = ပေါင်းစုဍ်ဆောင်ယူခြင်း၊ ဆောင်ယူတတ်သော အခြင်း အရာအားဖြင့် ဉာဏ်အားရှေ့ရှုထင်၏။ ဣတိ = ဤသို့ အဋ္ဌကထာစရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ = ကောင်းစွာမသေ့ ဖွင့်ပြတော်မူခဲ့ပါပေ သတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

www.dhammadownload.com

အာပေါဓာတ်ရဲ့လက္ခဏာမှာ - ယိုစီးခြင်း အရည်သဘော ထင်ရှားတယ်။ ကိစ္စကတော့ - ပွားများစေခြင်းကိစ္စရှိတယ်။ သူ့ရဲ့အလုပ်ကိစ္စ ပွားများစေတယ်။ ပစ္စုပဋ္ဌာန်ကတော့ - ပေါင်းစုၡ ရှေ့ရှုထင်တတ်တဲ့ ဉာဏ်အားရှေ့ရှုထင်တဲ့ သဘောလည်းရှိတယ်။ အလုံးတွေ အခဲတွေလို့ ထင်လာတတ်ပါတယ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ။ ဆောင်ပုဒ်လေး ဆိုကြရအောင်။ ဆောင်ပုဒ်လေး ဆိုလိုက်ရင် ရှင်းသွားမယ်။

ဆောင်ပုဒ်

အရည်တစ်နည်း၊ ယိုစီးတမည်၊
စိုထိုင်းဖွံ့ထွား၊ တိုးပွားစေသည်၊
စေးကပ်ပူးတွဲ၊ လုံးခဲထင်သည်၊
အာပေါဓာတ်၊ သိမှတ်မြဲတ်ယောဂီ။

အရည်တွေ ယိုစီးကျနေသလိုလည်း ထင်တတ်ပါတယ်။ ခုနပြောခဲ့တဲ့အတိုင်း ချွေးတွေ ယိုစီးကျတယ်။ နှာရည်တွေ ယိုစီးကျတယ်။ တံတွေးတွေ ယိုစီးကျတယ်။

www.dhammadownload.com

အမှတ်ကောင်းတဲ့ ယောဂီတွေ တစ်ခါတလေ "တံတွေးတွေ သိပ်ထွက်တယ်ဘုရား" မပြောပါဘူးလား ... ပြောပါတယ်ဘုရား။ "ဘာတွေလဲ မသိဘူးဘုရား၊ အကျိတ်တွေ စိုကုန်တာပဲဘုရား" ဟု လျှောက်ထားတယ်။ ဘယ်ဓာတ်ကို တွေ့ရတာပါလဲ ... အာပေါဓာတ်ကို တွေ့ရတာပါဘုရား။ အာပေါဓာတ်ကို တွေ့ရတာဖြစ်တယ်။

ယောဂီတွေမှာတော့ တော်တော်ထင်ရှားတာပါပဲ။ သာမန်ပုဂ္ဂိုလ်တွေမှာ မထင်ရှားဘူး။ ယောဂီပုဂ္ဂိုလ်တွေမှာတော့ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားနေတယ်။ ချွေးတွေ ထွက်သင့်တာထက် ပိုထွက်နေတယ်၊ ယိုစီးကျနေတယ်။ တံတွေးတွေလည်း ထွက်သင့်တာထက် ပိုထွက်လာတယ်။ ဘယ်ဓာတ်ကို တွေ့တာပါလဲ ... အာပေါဓာတ်ကို တွေ့ရတာပါဘုရား။ အဲဒါ အာပေါဓာတ်ရဲ့လက္ခဏာပဲ ဖြစ်တယ်။

www.dhammadownload.com

"စိုထိုင်းဖွဲ့ထွား"ဆိုသည့်အတိုင်း စိုစိုထိုင်းထိုင်းကြီးလည်း တစ်ခါတလေ ဖြစ်နေတတ်တယ်။ "ရေတွေစိုနေသလိုပဲဘုရား၊ တပည့်တော် ထိုင်တဲ့နေရာမှာတွေ့ရတယ်။" ဘာဓာတ်ကို တွေ့နေရတာလဲ ... အာပေါဓာတ်ကို တွေ့ရတာပါဘုရား။ အာပေါဓာတ်ရဲ့ကိစ္စကို တွေ့နေရတာဖြစ်တယ်။

"စိုထိုင်းဖွဲ့ထွား"ဆိုသည့်အတိုင်း တစ်ခါတလေလည်း ခန္ဓာကိုယ်ကြီးက ကြီးနေတယ်။ "တပည့်တော် ခန္ဓာကိုယ်ကြီး တဖြည်းဖြည်း ကြီးကြီး ကြီးကြီးလာတယ်ဘုရား။ ခန္ဓာကိုယ်ကြီးက တော်တော်ကိုပဲ ကြီးနေပါတယ်ဘုရား။" ယောဂီများ မကြာခဏ မလျှောက်ထားတတ်ပါဘူးလား ... လျှောက်ထားတတ်ပါတယ်ဘုရား။ ဘယ်ဓာတ်ရဲ့ကိစ္စကို တွေ့ရတာပါလဲ ... အာပေါဓာတ်ရဲ့ကိစ္စကို တွေ့ရတာပါဘုရား။ အာပေါဓာတ်ရဲ့ကိစ္စကို တွေ့ရတာဖြစ်တယ်။

"စေးကပ်ပူးတွဲ"ဆိုသည့်အတိုင်း စေးကပ်စေးကပ်ဖြစ်ပုံမှာ - စကြံလျှောက်တဲ့အခါ တချို့ယောဂီများက

www.dhammadownload.com

"တပည့်တော် ခြေထောက်မှာ စေးကပ်စေးကပ် ဖြစ်နေတယ်၊ အောက်မှာလည်း ဘာမှမရှိဘူးဘုရား"တဲ့။ ဘယ်ဓာတ်ကို တွေ့နေရတာလဲ ... အာပေါဓာတ်ကို တွေ့နေရတာပါဘုရား။

အာပေါဓာတ် သူ့ညာဏ်မှာ ထင်ရှားတာ ပဂ္ဃရုဏ်ပဗ္ဗာန်ဖြစ်တယ်။ သူ့ညာဏ်မှာ ထင်ရှားတာဖြစ်တယ်။ လုံးလုံးခဲခဲကြီးလည်း ထင်နေတတ်ပါတယ်။ စေးကပ်ပူးတွဲတာတော့ တော်တော်ပဲ ထင်ရှားတယ်။

"စေးကပ်စေးကပ်နဲ့ဘုရား၊ စကြံလျှောက်ရတာအောက်မှာလည်း ဘာမှမရှိဘူးဘုရား"တဲ့၊ ဘယ်ဓာတ်ကိုတွေ့နေ ... အာပေါဓာတ်ကို တွေ့နေတာပါဘုရား။ အာပေါဓာတ်ကို တွေ့နေရတာဖြစ်တယ်။ အာပေါဓာတ်ပြီးတော့ တေဇောဓာတ်ကို ပြောကြားပါတော့မည်။

www.dhammadownload.com

တေဇောဓာတ်၏လက္ခဏာ

တေဇောဓာတု = တေဇောဓာတ်သည်၊ ဥဏှတ လက္ခဏာ = ပူသည်အဖြစ်ဟူသော လက္ခဏာရှိ၏။ ပရိပါစနရသာ = ရင့်ကျက်စေခြင်းကိစ္စရှိ၏။ မဒ္ဒဝါနုပ္ပဒါန ပစ္စုပဋ္ဌာနာ = နူးညံ့သောအဖြစ်အားလျော်စွာ ဉာဏ်အား ရှေ့ရှုထင်၏။ ဣတိ = ဤသို့၊ အဋ္ဌကထာစရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ = ကောင်းစွာ မသေွ ဖွင့်ပြတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

တေဇောဓာတ်ရဲ့လက္ခဏာက ပူသောမှုသည် အဖြစ်ဟူသော လက္ခဏာရှိ၏။ ဥဏှတေဇောကျတော့ ပူတယ်။ သီတတေဇောကျတော့ ... အေးပါတယ် ဘုရား။ အေးတယ်။ ပရိပါစနရသာ - ရင့်ကျက်စေတဲ့ ကိစ္စရှိတယ်။ အပူဖြင့်လည်း ရင့်ကျက်စေတယ်၊ အအေးဖြင့်လည်း ရင့်ကျက်စေတယ်။

www.dhammadownload.com

အနောက်တိုင်းနိုင်ငံတွေမှာတော့ အအေးက ရင့်ကျက်စေတာ ပိုထင်ရှားတယ်။ အရှေ့တိုင်းနိုင်ငံ တွေကျတော့ အပူကရင့်ကျက်စေတာ ပိုထင်ရှားပါ တယ်။ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။ ထင်ရှားတယ်။ မဒ္ဒဝါနုပ္ပဒါန ပစ္စုပဋ္ဌာနာ - နူးညံ့သည် အဖြစ်ဟူသော ဉာဏ်အားရှေ့ရှုထင်၏။ ဆောင်ပုဒ် ဆိုလိုက်ရင်တော့ ရှင်းသွားပါမယ်။

ဆောင်ပုဒ်

အပူအနွေး၊ အအေးတမည်၊
ပူငွေ့ပေးလျက်၊ ရင့်ကျက်စေသည်၊
နူးညံ့ပျော့ပျောင်း၊ ဆင့်လောင်းပေးသည်၊
တေဇောဓာတ်၊ သိမှတ်မြတ်ယောဂီ။

"အပူအနွေး"က ဉဏှတေဇောရဲ့လက္ခဏာ ဖြစ် တယ်။ "အအေးတမည်"က သီတတေဇောရဲ့လက္ခဏာ ဖြစ်တယ်။ ပူတာလည်း တေဇောဓာတ်ရဲ့လက္ခဏာ၊

www.dhammadownload.com

အေးတာလည်း ... တေဇောစာတ်ရဲ့လက္ခဏာပါဘုရား။ ပူသင့်တာထက်ကို ပိုပြီးပူနေတယ်ဆိုလို့ရှိရင် တေဇောစာတ်ရဲ့လက္ခဏာ ထင်ရှားတာပဲ။ အေးသင့်တာထက်ကို ပိုပြီးတော့ အေးနေတယ်ဆိုရင်လည်း တေဇောစာတ်ရဲ့လက္ခဏာ ... ထင်ရှားပါတယ်ဘုရား။ "ဥတုရာသီကတော့ ပူနေတယ်။ တပည့်တော်ကတော့ အေးလိုက်တာဘုရား။" မလျှောက်တတ်ပါဘူးလား ... လျှောက်တတ်ပါတယ်ဘုရား။ ဘယ်စာတ်ထင်ရှားတာလဲ ... တေဇောစာတ် ထင်ရှားတာပါဘုရား။ တေဇောစာတ် ထင်ရှားနေတာဖြစ်တယ်။

"ပူငွေ့ပေးလျက်၊ ရင့်ကျက်စေသည်"ဆိုတာက သူ့ရဲ့ရသ သူ့ရဲ့ကိစ္စကို ပြဆိုတာဖြစ်တယ်။ တေဇောစာတ်ဆိုတာ ရင့်ကျက်စေခြင်းကိစ္စရှိတယ်။ အပူငွေ့ပေးပြီးတော့လည်း ရင့်ကျက်စေတယ်။ အအေးငွေ့ပေးပြီးတော့လည်း ... ရင့်ကျက်စေပါတယ်ဘုရား။ ရင့်ကျက်စေတာ သူ့ရဲ့ကိစ္စဖြစ်တယ်။

www.dhammadownload.com

"နူးညံ့ပျော့ပျောင်း၊ ဆင့်လောင်းထင်သည်" ဆိုတာက တေဇောစာတ်၏ပစ္စုပဋ္ဌာန်ကို ပြတာဖြစ်တယ်။ နူးညံ့ပြီး ပျော့ပျော့ပျောင်းပျောင်းလေး ဖြစ်နေတာ စကြံ့လျှောက်တဲ့အခါမှာလည်း ထင်ရှားတယ်။ "တပည့်တော် စကြံ့လျှောက်ရတာ အရင်ကနဲ့ မတူဘူးဘုရား၊ နင်းချလိုက်ရင် ပျော့ပျောင်းနူးညံ့နေတယ်၊ ပျော့ပျောင်းနူးညံ့ပြီး ဆိုဖာကြီးပေါ်မှာ လျှောက်နေရသလိုပဲ" ယောဂီများ တစ်ခါတစ်ခါ မလျှောက်ထားပါဘူးလား ... လျှောက်ထားပါတယ်ဘုရား။ ဘယ်ဓာတ်ထင်ရှားလာတာပါလဲ ... တေဇောဓာတ်တွေ ထင်ရှားလာပါတယ်ဘုရား။ တေဇောဓာတ်တွေ ထင်ရှားနေတယ်။ ယောဂီ၏ဉာဏ်မှာ ထင်ရှားတယ်။ ဉာဏ်မှာ ထင်ရှားတာ ပစ္စုပဋ္ဌာန်ဖြစ်တယ်။ ပစ္စုပဋ္ဌာန်လို့ ခေါ်ရတယ်။ ဝါယောဓာတ်၏ လက္ခဏာ စသည်ကို ဟောကြားပေးပါတော့မယ်။

ဝါယောဓာတ်၏လက္ခဏာ

ဝါယောဓာတု = ဝါယောဓာတ်သည်၊ ဝိတ္ထမ္ဘန လက္ခဏာ = ထောက်ပံ့ခြင်း ခိုင်မာစေခြင်း လက္ခဏာ

www.dhammadownload.com

ရှိ၏၊ သမုဒီရဏရသာ = တွန်းခြင်း ယိမ်းယိုင်လှုပ်ရှား စေခြင်းကိစ္စရှိ၏။ အဘိနီဟာရ ပစ္စုပဋ္ဌာနာ = ရွေ့ရှု ဆောင်သောတရားဟု ဉာဏ်အားရွေ့ရှုထင်၏။ ဣတိ= ဤသို့၊ အဋ္ဌကထာစရိယော = အဋ္ဌကထာဆရာသည်၊ သံဝဏ္ဏေတိ = ကောင်းစွာမသေ့ ဖွင့်ပြတော်မူခဲ့ပါပေ သတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဝါယောဓာတ်သည် ထောက်ပံ့ခြင်း၊ နိုင်မာစေခြင်း လက္ခဏာရှိတယ်။ သမုဒီရဏရသာ - တွန်းခြင်း၊ လှုပ်ရှားစေခြင်း ကိစ္စရှိတယ်။ တွန်းပေးနေသလို လှုပ် ရှားနေသလို ယိမ်းယိုင်နေသလို မထင်ရှားတတ်ပါဘူး လား ... ထင်ရှားတတ်ပါတယ်ဘုရား။ အဘိနီဟာရ ပစ္စုပဋ္ဌာနာ - ရွေ့ရှုဆောင်ခြင်း၊ ရွေ့ရှုဆောင်တတ်သော တရားဟု ဉာဏ်အားရွေ့ရှုထင်၏။ ဆောင်ပုဒ်ကလေး ဆိုလိုက်ရင် ပိုရှင်းသွားမယ်။

www.dhammadownload.com

ဆောင်ပုဒ်

ထောက်ကန်တောင့်တင်း၊ လျော့ခြင်းတမည်၊
ယိမ်းယိုင်လှုပ်ရှား၊ ရွေ့သွားတတ်သည်၊
သူလိုရာဘက်၊ တွန်းလျက်ဆောင်သည်၊
ဝါယောဓာတ်၊ သိမှတ်မြတ်ယောဂီ။

ဝါယောဓာတ်ရဲ့လက္ခဏာသည် ထောက်ကန်ခြင်း၊ တောင့်တင်းခြင်း လက္ခဏာရှိတယ်။ လျော့သွားခြင်း လက္ခဏာလည်းရှိတယ်။ ဖောင်းတယ်လို့မှတ်လိုက်ရင် တောင့်တင်းတဲ့လက္ခဏာ၊ ပိန်တယ်လို့မှတ်လိုက်ရင် လျော့သွားတဲ့လက္ခဏာ မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

ဖောင်းတယ်လို့မှတ်လိုက်ရင် တောင့်တင်း တောင့်တင်းပြီးတော့ တက်လာတာ ဝါယောဓာတ်ရဲ့လက္ခဏာဖြစ်တယ်။ ပိန်တယ်လို့မှတ်လိုက်ရင် လျော့လျော့လျော့လျော့ကျသွားတာလည်း ... ဝါယောဓာတ်ရဲ့လက္ခဏာပါဘုရား။ တရားနာပရိသတ်များ ယောဂီများတော့ ထင်ရှားနေတာကို။

www.dhammadownload.com

အဋ္ဌကထာဆရာတွေ ဖွင့်ပြတဲ့အတိုင်း ကိုယ့်ဉာဏ်မှာ ထင်ရှားတော့ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ အို-နေရာကျလိုက်တာ၊ မိမိမှတ်နေတဲ့တရားက တရားစစ် တရားမှန်ပဲလို့ သိတော့ တရားတွေ မတိုးတက်သွားနိုင်ပါဘူးလား ... တရားတွေ တိုးတက်သွားနိုင်ပါတယ်ဘုရား။ ဟုတ်တိုင်းမှန်စွာ တရားတွေ တွေ့နေရတာပဲလို့ သဘောကျတော့ ကိုယ်အား ဉာဏ်အား စွမ်းအားရှိသလောက် အားမထုတ်နေရပါဘူးလား ... အားထုတ်နေရပါတယ်ဘုရား။ အားထုတ်နေရတယ်။

"ယိမ်းယိုင်လှုပ်ရှား၊ ရွေ့သွားတတ်သည်"ဟု ဆိုသည့်အတိုင်း တစ်ခါတစ်ခါ အမှတ်ကောင်းတဲ့ယောဂီများ ယိမ်းနေယိုင်နေတာကို ယောဂီများ မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။ ဥဒယဗ္ဗယဉာဏ်အနပိုင်းသို့ ရောက်လာတဲ့အခါ ပိုပြီးတော့ ယိမ်းလာတတ်ပါတယ်။ ပေါ့ပေါ့ပါးပါး သွက်သွက်လက်လက်ကလေး ယိမ်းနေလို့ ယောဂီက သဘောတွေကျနေတတ်ပါတယ်။

www.dhammadownload.com

ပထမတစ်နေ့ တရားလာလျှောက်ရာတွင် မေးလိုက်ရင်လည်း -

"ယိမ်းနေပါသေးတယ်ဘုရား"

နောက်တစ်နေ့ တရားလာလျှောက်ရာတွင်လည်း -

"ယိမ်းနေသေးလား"

"ယိမ်းနေပါသေးတယ်ဘုရား"

"ယောဂီ-ယိမ်းတဲ့ဘက်ကို စိတ်နည်းနည်းကလေးမှ မညွှတ်ပေးနဲ့၊ ယောဂီ တရားတွေ ကြာသွားလိမ့်မယ်" မပြောပေးရပါဘူးလား ... ပြောပေးရပါတယ်ဘုရား။

စိတ်ကလေး နည်းနည်းကလေးမှ ညွှတ်လို့မရပေဘူး။ "ယိမ်းတော့မယ် ယိမ်းတော့မယ်"လို့ စိတ်က ညွှတ်လိုက်တာနဲ့ မယိမ်းလာပါဘူးလား ... ယိမ်းလာပါတယ်ဘုရား။ ယိမ်းလာတယ်။ "ယိမ်းတယ် ယိမ်းတယ်"လို့ ရှုမှတ်ပေးရပါတယ်။ တစ်ယိမ်းပြီးတစ်ယိမ်း ပြတ်ပြတ်သွားအောင် မရှုမှတ်ရပါဘူးလား ... ရှုမှတ်ရ

www.dhammadownload.com

ပါတယ်ဘုရား။ "မယိမ်းစေဘူး မယိမ်းစေဘူး"ဟုလည်း ဆောက်တည်ပေးရပါတယ်။ ယိမ်းလာရင်လည်း တစ်ယိမ်းပြီးတစ်ယိမ်း ပြတ်ပြတ်သွားအောင် ရှုမှတ်ပေးရပါတယ်။ ရှုမှတ်ပေးတော့ ဝိပဿနာရဲ့စွမ်းအင် ထက်လာတဲ့အခါ မပြတ်မပြတ်သွားပါဘူးလား ... ပြတ်ပြတ်သွားပါတယ်ဘုရား။ ပြတ်ပြတ်သွားရင်တော့ မယိမ်းနိုင်တော့ဘူး။

ရွေ့ရွေ့သွားတာလည်း ဝါယောဓာတ်ရဲ့ ရသပါပဲ။ "ဝါယောဓာတ်သည် ရွေ့သွားခြင်းကိစ္စရှိသည်"ဟု ဆိုသည့်အတိုင်း တချို့တချို့ယောဂီတွေ "ထိုင်နေရင်းနဲ့ တပည့်တော် ရှေ့ကို ရွေ့ရွေ့သွားတယ်ဘုရား"ဟု လျှောက်ထားတယ်။ ဘယ်ဓာတ်ကို တွေ့ရတာလဲ ... ဝါယောဓာတ်ကို တွေ့ရတာပါဘုရား။ ရွေ့စေခြင်း ဝါယောဓာတ်ရဲ့ကိစ္စ ယောဂီ၏ဉာဏ်မှာ ထင်ရှားလာတာဖြစ်တယ်။ ရွေ့ရွေ့သွားတာ ဝါယောဓာတ်၏ ကိစ္စဖြစ်တယ်။

www.dhammadownload.com

"သူလိုရာဘက်၊ တွန်းလျက်ဆောင်သည်"ဟု ဆိုသည့်အတိုင်း သူလိုရာဘက် တွန်းတတ်တယ်။ ရှေ့ကို လည်း တွန်းတာပဲ။ မတွန်းတတ်ပါဘူးလား ... တွန်း တတ်ပါတယ်ဘုရား။ နောက်ကိုလည်း တွန်းတာပဲ။ "တပည့်တော် တွန်းခံနေရပါတယ်။ ဘယ်လိုများ မှတ် ရပါမလဲ" "တွန်းတယ် တွန်းတယ်"ဟုပဲ မှတ်ပေါ့။ ဝိပဿနာဆိုတာ - ပေါ်ရာ ထင်ရှားရာကို မမှတ်ရပါ ဘူးလား ... ပေါ်ရာ ထင်ရှားရာကို မှတ်ရပါမယ်ဘုရား။ ရှေ့ကို တွန်းရင်လည်း "တွန်းတယ် တွန်းတယ်" နောက်ကို တွန်းရင်လည်း "တွန်းတယ် တွန်းတယ်" ဟုပဲမှတ်။ တွန်းတာလေးတွေ အဆင့်ဆင့် တစ်တွန်း ပြီးတစ်တွန်း တွန်း၊ တစ်တွန်းပြီးတစ်တွန်း တွန်း သိလာလို့ရှိရင် တော်တော်လေး ယောဂီနေရာကျပြီ။ နောက်တော့ သမာဓိဉာဏ်အားကောင်းတော့ တွန်းတာ လေး ပြတ်ပြတ်သွားတယ်။ တစ်တွန်းပြီးမှတစ်တွန်း ပြတ်ပြတ်သွားတာမြင်သွားလျှင် နောက်တော့ တွန်းတာ ရှိပါသေးလား ... မရှိတော့ပါဘုရား။ အမှတ်ကနိုင်သွား တော့ မတွန်းနိုင်တော့ပေဘူး။

www.dhammadownload.com

ဝါယောဓာတ်အကြောင်း အဋ္ဌကထာဆရာတွေ ဖွင့်ပြထားတာကို ရှေးဆရာတော်များက ဆောင်ပုဒ် စီထားပေးခဲ့တာ အလွန်ပဲထင်ရှားပါတယ်။

တရားနာပရိသတ်များသန္တာန်မှာ ဒီဓာတ်ကြီး လေးပါး မရှိနေပါဘူးလား ... ဓာတ်ကြီးလေးပါး ရှိနေ ပါတယ်ဘုရား။ ဓာတ်ကြီးလေးပါး ရှိနေတော့ ဓာတ်ကြီး လေးပါးကို သိထားပြီး ဓာတ်ကြီးလေးပါးတွေရဲ့ သဘော တွေကိုလည်း သိထားတော့ တရားမှတ်တဲ့နေရာမှာ အထောက်အကူ မဖြစ်ပါဘူးလား ... အထောက်အကူ ဖြစ်ပါတယ်ဘုရား။ အထောက်အကူဖြစ်ပုံကို ကျေးဇူး တော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြတဲ့ နည်းနဲ့ ထိုင်မှတ်တဲ့အမှတ်ကို အတိုချုပ် ဟောကြား ပါဦးမယ်။

အခုတရားနာပရိသတ်များက ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြတဲ့နည်းဖြင့် ဝိပဿနာတရား ရှုမှတ်ပွားများနေကြရတဲ့ ပုဂ္ဂိုလ်တွေ

www.dhammadownload.com

ဆိုတော့ မိမိတို့တွေ့ရတဲ့ တရားသဘောလေးတွေ သိထားရင်၊ သိရရင် ပိုပြီးတော့ စိတ်အားမထက်သန် ပါဘူးလား ... စိတ်အားထက်သန်ပါတယ်ဘုရား။ စိတ်အားထက်သန်တယ်။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြတဲ့နည်းကို ယခုဟော ကြားပေးပါတော့မည်။

ထိုင်မှတ်တဲ့အခါ "ဖောင်းတယ် ပိန်တယ်၊ ထိုင်တယ် ထိတယ်"ဟု ရှုမှတ်ကြရတယ်။ ရှုမှတ်ခါစ သမာဓိဉာဏ်တွေ မဖြစ်သေးခင်တော့ ဘာမှထူးခြားစွာ မသိရပါဘူး။ ဖောင်းတာကလည်း မိမိဝမ်းဗိုက်ကပဲ ဖောင်းတယ်၊ မှတ်တာကလည်း မိမိကပဲ မှတ်နေတယ်။ ပိန်တာကလည်း မိမိဝမ်းဗိုက်ကပဲ ပိန်သွားတယ်၊ မှတ်တာကလည်း မိမိကပဲ မှတ်နေတယ်။ ထိုင်တာကလည်း မိမိခန္ဓာကိုယ်ကြီးကပဲ ထိုင်နေတယ်၊ ထိတာကလည်း မိမိခန္ဓာကိုယ်ကပဲ ထိနေတယ်၊ မှတ်တာကလည်း မိမိကပဲ မှတ်နေတယ်လို့ တပေါင်းတည်း တလုံးတည်းပဲ ထင်နေပေတယ်။

www.dhammadownload.com

ထို့နောက် သမာဓိဉာဏ်တွေ ဖြစ်လာတဲ့အခါကျ တော့ ဖောင်းတယ်လို့ မှတ်လိုက်ရင် ဖောင်းနေတာက တခြား မှတ်သိလိုက်တာကတခြား၊ ပိန်တယ်လို့ မှတ် လိုက်ရင် ပိန်နေတာကတခြား မှတ်သိလိုက်တာက တခြား၊ ထိုင်တယ်လို့ မှတ်လိုက်ရင် ထိုင်နေတာက တခြား မှတ်သိလိုက်တာကတခြား၊ ထိတယ်လို့ မှတ် လိုက်ရင် ထိနေတာကတခြား မှတ်သိလိုက်တာက တခြားလို့ ကွဲပြားကွဲပြားပြီးတော့ သိလာပါတယ်။

ယခုလို ဖောင်းတယ် ပိန်တယ်၊ ထိုင်တယ် ထိတယ်လို့ မှတ်တဲ့အခါမှာလည်း ပညတ်ပုံသဏ္ဌာန် ဒြပ်တွေကိုတော့ ခွာနိုင်သမျှခွာ၊ ပရမတ်သဘော ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်ရပါတယ်။

ဖောင်းတယ်လို့ မှတ်တဲ့အခါ ဝမ်းဗိုက်ပုံသဏ္ဌာန် ဒြပ်ကြီးက ပညတ်ပဲ၊ ဖောင်းတယ်လို့ မှတ်တဲ့အခါမှာ တောင့်တင်းတဲ့ သဘောလေးကတော့ ... ပရမတ်ပါ ဘုရား။ ပရမတ်ပါပဲ။ ဘယ်ဓာတ်ကို တွေ့ရတာလဲ ... တောင့်တင်းတဲ့သဘော ဝါယောဓာတ်၏သဘောကို

www.dhammadownload.com

တွေ့ရတာပါဘုရား။ ဝါယောဓာတ်၏သဘောကို တွေ့ရတာဖြစ်တယ်။ "ထောက်ကန်တောင့်တင်း"ဆိုတဲ့ ဝိတ္ထမ္ဘနလက္ခဏာ မတွေ့ရပါဘူးလား ... တွေ့ရပါတယ်ဘုရား။

ပိန်တယ်လို့ မှတ်တဲ့အခါမှာလည်း ပညတ်ပုံသဏ္ဌာန်ဒြပ်ကိုတော့ ခွာနိုင်သမျှ ခွာရပါတယ်။ ဝမ်းဗိုက်ပုံသဏ္ဌာန်ဒြပ်ကြီးက ပညတ်ပဲ၊ ဝိပဿနာ ရှုဖို့ရာမဟုတ်ဘူး။ လျော့သွားတဲ့သဘောလေး လျှပ်သွားတဲ့သဘောလေး မထင်ရှားပါဘူးလား ... ထင်ရှားပါတယ်ဘုရား။

အဲဒီလျော့သွားတဲ့သဘော လှုပ်သွားတဲ့သဘောကိုပဲ "ပိန်တယ်"လို့ မမှတ်ရပါဘူးလား ... မှတ်ရပါတယ်ဘုရား။ ဘယ်ဓာတ်ရဲ့လက္ခဏာကို တွေ့ရတာပါလဲ ... ဝါယောဓာတ်ရဲ့လက္ခဏာကို တွေ့ရတာပါဘုရား။ "ထောက်ကန်တောင့်တင်း၊ လျော့ခြင်းတမည်" နဲ့ မကိုက်နေပါဘူးလား ... ကိုက်နေပါတယ်ဘုရား။ ကိုက်နေပေတယ်။

www.dhammadownload.com

ထိုင်တယ်လို့ မှတ်တဲ့အခါမှာလည်း ခေါင်း ကိုယ် ခြေ လက်ပုံသဏ္ဍာန်များကိုတော့ ခွာနိုင်သမျှ ခွာရပါတယ်။ ခေါင်း ကိုယ် ခြေ လက်ပုံသဏ္ဍာန်တွေက ပညတ်ပဲ၊ ဝိပဿနာရှုဖို့ရာ မဟုတ်ဘူး။ ထိုင်ချင်တဲ့စိတ်ကြောင့်ဖြစ်တဲ့ လေတွေက တွန်းကန်ထားလို့ တောင့်တင်းနေတဲ့ သဘောလေးကိုပဲ ထိုင်တယ်လို့ မှတ်ရပါတယ်။ တောင့်တင်းတာ ဘာဓာတ်ရဲ့လက္ခဏာပါလဲ ... ဝါယောဓာတ်ရဲ့လက္ခဏာပါဘုရား။ ဝါယောဓာတ်ရဲ့လက္ခဏာဖြစ်တယ်။

ထိတယ်လို့ မှတ်တဲ့အခါမှာလည်း ပုံသဏ္ဍာန်ဒြပ်တွေကိုတော့ ခွာနိုင်သမျှ ခွာရပါတယ်။ ကြမ်းပုံသဏ္ဍာန်ဒြပ်၊ တင်ပါးပုံသဏ္ဍာန်ဒြပ်၊ ခြေထောက်ပုံသဏ္ဍာန်ဒြပ်တွေကိုတော့ ခွာနိုင်သမျှ ခွာရပါတယ်။ ပုံသဏ္ဍာန်ဒြပ်တွေက ပညတ်ပဲ၊ ဝိပဿနာရှုဖို့ရာ မဟုတ်ဘူး။ ထိထားလို့ မာနေတဲ့သဘော၊ ပူနေတဲ့သဘောတွေကိုတော့ သိအောင်စူးစိုက်ပြီးတော့ ရှုမှတ်ရပါတယ်။

www.dhammadownload.com

မာနေတာလည်း ပရမတ်ပဲ၊ ပူနေတာလည်း ... ပရမတ်ပါဘုရား။ မာတာက ဘယ်ဓာတ်သဘောကို တွေ့ရတာပါလဲ ... ပထဝီဓာတ်ရဲ့သဘောကို တွေ့ရတာ ပါဘုရား။ ပထဝီဓာတ်ရဲ့သဘောကို တွေ့ရတာဖြစ်တယ်။

ပူတာက ဘယ်ဓာတ်သဘောကို တွေ့ရတာပါလဲ ... တေဇောဓာတ်ရဲ့သဘောကို တွေ့ရတာပါဘုရား။ တေဇောဓာတ်သဘောကို တွေ့ရတာဖြစ်တယ်။ မာတဲ့ သဘော၊ ပူတဲ့သဘောလေးတွေက ပရမတ်ပဲဖြစ်တယ်။ အဲဒီပရမတ်ကိုတော့ သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပါတယ်။

ခေါင်းစဉ် ။ ။ ပညတ်ကိုခွာ၊ ပရမတ်သာ၊ မှန်စွာရှုရမည်။

ခေါင်း ကိုယ် ခြေ လက်ပုံသဏ္ဌာန်၊ ဝမ်းဗိုက် ပုံသဏ္ဌာန်ဒြပ်တွေက ပညတ်ပဲဖြစ်တယ်။ သူတို့ကိုတော့ ခွာနိုင်သမျှ ခွာရပါတယ်။ "ခွာ" ဆိုတာ အာရုံမပြုနဲ့လို့ ပြောတာပါပဲ။ "ခွာ" ဆိုတာ ... အာရုံမပြုနဲ့လို့ ပြောတာ

www.dhammadownload.com

ပါဘုရား။ ပရမတ်သဘောတွေကိုတော့ သိနိုင်သမျှ သိအောင် စူးစိုက်ရပါတယ်။

ဖောင်းတယ်လို့ မှတ်တဲ့အခါမှာ တောင့်တင်းတဲ့ သဘောလေး၊ ပိန်တယ်လို့ မှတ်တဲ့အခါမှာ လျော့သွားတဲ့ သဘောလေးတွေဟာ ဘာပရမတ်ပါလဲ ... ဝါယော ပရမတ်ပါဘုရား။ ထိုင်တယ်လို့ မှတ်တဲ့အခါမှာ တောင့်တင်းနေတဲ့သဘော၊ ထိတယ်လို့ မှတ်တဲ့အခါမှာ မာနေတဲ့သဘော၊ ပူနေတဲ့သဘောတွေဟာ ပရမတ်ပါပဲ။ တောင့်တင်းတဲ့သဘောက ဘာပရမတ်ပါလဲ ... ဝါယော ပရမတ်ပါဘုရား။ မာနေတဲ့သဘောက ... ပထဝီဓာတ် ရဲ့ပရမတ်ပါဘုရား။ ပူနေတဲ့သဘောက ... တေဇော ဓာတ်ရဲ့ပရမတ်ပါဘုရား။

တရားနာပရိသတ်များ သဘောတွေကျနေတာ ပါပဲ။ သဘောတွေကျနေတော့ တရားမြန်မြန်တွေ့ တရားမြန်မြန်တက်ဖို့ဖြစ်တယ်။ အခုပြောခဲ့ပြီးတဲ့အတိုင်း ရှုမှတ်ခါစမှာတော့ ဘာမှထူးခြားစွာ မသိသေးဘူး။

www.dhammadownload.com

နောက်ကိုသမာဓိဉာဏ်တွေ ဖြစ်လာတဲ့အခါကျတော့ ဖောင်းတယ်လို့ မှတ်လိုက်ရင် ဖောင်းနေတာကတခြား မှတ်သိလိုက်တာကတခြား၊ ပိန်တယ်လို့ မှတ်လိုက်ရင် ပိန်နေတာကတခြား မှတ်သိလိုက်တာကတခြား၊ ထိုင်တယ်လို့ မှတ်လိုက်ရင် ထိုင်နေတာကတခြား မှတ်သိလိုက်တာကတခြား၊ ထိတယ်လို့ မှတ်လိုက်ရင် ထိနေတာကတခြား မှတ်သိလိုက်တာကတခြားဟု သိလာကြတယ်။

ဖောင်းတာ ပိန်တာ ထိုင်တာ ထိတာတွေက အာရုံကို မသိတတ်တဲ့အတွက်ကြောင့် ရုပ်တရားပါလား၊ နာမ်တရားပါလား ... ရုပ်တရားပါဘုရား။ အာရုံကို မသိတတ်တာ ... ရုပ်တရားပါဘုရား။ သိတတ်တာ ... နာမ်တရားပါဘုရား။ ဖောင်းတယ် ပိန်တယ်၊ ထိုင်တယ် ထိတယ်လို့ လိုက်လိုက်ပြီးတော့ မှတ်သိမှတ်သိနေတာက အာရုံကို သိတတ်တဲ့အတွက်ကြောင့် ... နာမ်တရားပါဘုရား။ နာမ်တရားဖြစ်တယ်။

www.dhammadownload.com

ရုပ်တရား နာမ်တရား ၂-ပါးပဲ ဒီခန္ဓာကိုယ်မှာ ရှိတယ်။ ဖောင်းတာ ပိန်တာ ထိုင်တာ ထိတာတွေက ရုပ်တရား၊ မှတ်သိမှတ်သိနေတာက နာမ်တရား။ ဒီခန္ဓာကိုယ်ထဲမှာ နာမ်တရားနှင့် ရုပ်တရား ၂-ပါးပဲရှိတယ်လို့ သိသွားတာ ဘာဉာဏ်ပါတဲ့ ... နာမရူပပရိစ္ဆေဒဉာဏ်ပါဘုရား။ ဟုတ်တယ်၊ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်တယ်။ နာမ်နဲ့ရုပ် ၂-ပါးပဲရှိတယ်လို့ ပိုင်းခြားပြီးတော့ သိလိုက်တာ နာမရူပပရိစ္ဆေဒဉာဏ်ဖြစ်တယ်။

နာမက နာမ်၊ ရူပက ... ရုပ်ပါဘုရား။ ပရိစ္ဆေဒက ... ပိုင်းခြားတာပါဘုရား။ ဉာဏက ... သိတာပါဘုရား။ နာမ်နဲ့ရုပ်ကို ပိုင်းခြားပြီးတော့ သိတဲ့ဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်ရတယ်။

အဲဒီဉာဏ်မှာ အမှတ်အသား လက္ခဏာအားဖြင့် ဘယ်လိုထင်နေတတ်လဲ။ ယောဂီမှာ ဖောင်းလယ် တစ်ခုလောက်ပဲ ထင်ရှားတယ်၊ ပိန်လယ်တစ်ခု လောက်ပဲ ထင်ရှားတယ်၊ ဖောင်းစနဲ့ဖောင်းဆုံးက

www.dhammadownload.com

ပိန်စနဲ့ပိန်ဆုံးက မထင်ရှားသေးဘူး။ နာမရူပပရိစ္ဆေဒ ဉာဏ်မှာ ဘာသာထင်ရှားလဲ ... ဖောင်းလယ် ပိန်လယ် ထင်ရှားပါတယ်ဘုရား။ ဖောင်းတဲ့အလယ် ပိန်တဲ့ အလယ်မျှပဲ ထင်ရှားတာ များပါတယ်။ အာရုံပြုကြည့် လိုက်ရင် သိတယ်။

ကမ္မဋ္ဌာန်းဆရာများ၊ ယောဂီဟောင်းများကလည်း သူ့ဉာဏ်ကို သိချင်တော့ "သင်မှတ်တဲ့အခါ ဖောင်းစ ဖောင်းလယ် ဖောင်းဆုံး ၃-မျိုးရှိတဲ့အနက်က သင် ဘာကို သိတာများလဲ" "အလယ်လောက်ပဲ သိတာ များပါတယ်ဘုရား"လို့ ဖြေရင်တော့ သူဘယ်ဉာဏ် ရောက်နေလဲ ..., နာမရူပပရိစ္ဆေဒဉာဏ် ရောက်နေလို့ ပါဘုရား။ နာမရူပပရိစ္ဆေဒ၌ အလယ်ကိုပဲသိတယ်။ အစနဲ့အဆုံးကိုတော့ ... မသိပါဘုရား။ အဲဒါလေးလည်း မှတ်သားဖွယ်ကောင်းလို့ ဆောင်ပုဒ်ဆိုကြရအောင်။

ဆောင်ပုဒ်။ ။ ဖောင်းပိန်လယ်မျှ၊ သိတုံက၊

နာမရူပပရိစ္ဆေဒ။

www.dhammadownload.com

နာမရူပပရိစ္ဆေဒဉာဏ်ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်များ များသောအားဖြင့် ဖောင်းတဲ့အလယ် ပိန်တဲ့အလယ်လောက်ပဲ သိတာများတယ်။ အစနဲ့အဆုံးကို မသိသေးဘူးဆိုတဲ့ အဓိပ္ပါယ်ပါပဲ။

ဆင့်ကာဆင့်ကာမှတ်လို့ သမာဓိဉာဏ် တစ်ဆင့်ရင့်ကျက် ထက်သန်အားရှိလာတဲ့အခါ ဖောင်းတယ် ပိန်တယ်၊ ထိုင်တယ် ထိတယ်လို့ ရှုမှတ်နေရင်း ရှုမှတ်နေရင်းပင် ဖောင်းတာ ပိန်တာ ထိုင်တာ ထိတာတွေက ရှေ့ကပေါ်ပေါ် ပေါ်ပေါ်ပေးနေလို့ ရှိနေလို့ မှတ်သိစိတ်က မှတ်နေရတာပဲ၊ ဖောင်းတာ ပိန်တာ ထိုင်တာ ထိတာတွေက အာရုံအကြောင်းတရားပဲ၊ မှတ်သိစိတ်က ... အကျိုးတရားပါဘုရား။

ဖောင်းတာ ပိန်တာ ထိုင်တာ ထိတာ၂တွေ ရှိနေလို့ မှတ်သိစိတ်တွေ ဖြစ်နေတာပဲ၊ ဖောင်းတာ ပိန်တာ ထိုင်တာ ထိတာတွေက အာရုံအကြောင်းတရား၊ မှတ်သိစိတ်က ... အကျိုးတရားပါဘုရား။ အကျိုးတရားပဲလို့

www.dhammadownload.com

ဉာဏ်ရှိတဲ့ပုဂ္ဂိုလ် ဒီလိုသိလာပါတယ်။ အကြောင်းနဲ့ အကျိုးကိုသိတာ ပစ္စယပရိဂ္ဂဟဉာဏ်ဖြစ်တယ်။

အဲဒီပစ္စယပရိဂ္ဂဟဉာဏ်ကို ရောက်လာတဲ့ ယောဂီပုဂ္ဂိုလ်က ဖောင်းစ ပိန်စတွေကိုသိတာ များလာပါတယ်။ ဖောင်းစနဲ့ ပိန်စကို သူကပိုပြီးတော့ သိလာတယ်။ အဲဒါလေးလည်း မှတ်သားဖွယ် ဆောင်ပုဒ် ဆိုကြရအောင်။

ဆောင်ပုဒ်။ ။ ဖောင်းပိန်အစ၊ တွေ့တုံက၊ မှတ်ရပစ္စယာ။

ဖောင်းပိန်နဲ့ တရားစစ်ချင်လို့ရှိရင် အဲဒီလို မေးရမည်။

"ယောဂီ - ဖောင်းစ ပိန်စတွေ ထင်ရှားနေလား"

"ထင်ရှားနေတယ်၊ ဖောင်းလယ် ဖောင်းဆုံးတွေတော့ သိပ်မထင်ရှားဘူးဘုရား"ဟု လျှောက်လို့ရှိရင် ထိုယောဂီ ဘယ်ဉာဏ်ရောက်နေလဲ ... ပစ္စယပရိဂ္ဂဟ

www.dhammadownload.com

ဉာဏ် ရောက်နေပါပြီဘုရား။ အစအစပဲ ထင်ရှားတယ်။ အလယ်နဲ့အဆုံးတော့ တပည့်တော် သိပ်မထင်ရှားပါဘူးလို့လျှောက်ရင် ... ပစ္စယပရိဂ္ဂဟဉာဏ် ရောက်နေပါပြီဘုရား။ ရောက်နေပြီးဖြစ်တယ်။

ဆင့်ကာဆင့်ကာမှတ်လို့ သမာဓိဉာဏ် တစ်ဆင့်ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ သမ္မသနဉာဏ်သို့ ရောက်သွားတယ်။

၃-နံပါတ်ဉာဏ်စဉ်သို့ ရောက်သွားတဲ့အခါ ထိုင်လို့မှ မကြာသေးဘူး၊ နာတာ ကျင်တာ အောင့်တာ ကိုက်တာ ခဲတာ မူးတာ ယားတာ အော့ချင်အန်ချင်ရှိတာ ယိမ်းနေတာ ယိုင်နေတာ ဒုက္ခအမျိုးမျိုးတွေနဲ့ တွေ့နေရတော့ ဩော်-ဒီခန္ဓာကိုယ်ကြီးက ဒုက္ခပါလား၊ ဒုက္ခတုံး ဒုက္ခခဲကြီးပါလားလို့ သုံးသပ်ပြီးတော့သိတယ်။

ဒီဒုက္ခတွေကလည်း အမျိုးမျိုး ပြောင်းလဲနေတာပဲ၊ အခုနာလိုက် အခုကျင်လိုက် အခုအောင့်လိုက်နဲ့ အမျိုးမျိုး ပြောင်းလဲနေတာပဲ၊ အမျိုးမျိုး ပြောင်းလဲနေ

www.dhammadownload.com

တာပါလား၊ မမြဲပါလား။ မမြဲပါလားဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ ... အနိစ္စပါဘုရား။ အနိစ္စပါလားလို့ သုံးသပ်ပြီးတော့ သိတယ်။

ဒီလိုဒုက္ခတွေ တွေ့ချင်လွန်းလို့ ဝိပဿနာတရား လာအားထုတ်တာလည်း မဟုတ်ဘူး။ ချမ်းချမ်းသာသာနဲ့ တရားတွေ မြန်မြန်တွေ့ တရားတွေ မြန်မြန်တက် အောင် လာအားထုတ်တာ၊ ဒီခန္ဓာကိုယ်ကြီး ကိုယ် ဖြစ်ချင်သလိုလည်း မဖြစ်ရပါလား။ ကိုယ်အစိုးမရပါလား။ ကိုယ်အစိုးမရပါလားဆိုတာ မြန်မာလို၊ ပါဠိလိုကျတော့ ... အနတ္တာပါဘုရား။ အနတ္တာပါလားလို့ သုံးသပ်ပြီးတော့ သိတာ သမ္မသနဉာဏ်ဖြစ်တယ်။

အနိစ္စပဲ ဒုက္ခပဲ အနတ္တာပဲလို့ သုံးသပ်ပြီးတော့ သိတဲ့ဉာဏ်ကို ဘာဉာဏ်လို့ခေါ်လဲ ... သမ္မသနဉာဏ် ပါဘုရား။ သမ္မသနဉာဏ်ဖြစ်တယ်။ အဲဒီသမ္မသနဉာဏ် ကို ရောက်လာတဲ့အခါကျတော့ များသောအားဖြင့် ယောဂီပုဂ္ဂိုလ်ဟာ ဖောင်းစ ဖောင်းလယ် ဖောင်းဆုံး

www.dhammadownload.com

၃-မျိုးလုံးကို သိနေတတ်ပါတယ်။ ဆောင်ပုဒ်ကလေး ဆိုကြရအောင်။

ဆောင်ပုဒ်။ ။ စလယ်ဆုံးပင်၊ သုံးပါးမြင်၊ မည်တွင်သမ္မသန။

သမ္မသနဉာဏ် ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်များ ဟာ အထူးကြောင့်ကြစိုက်ပြီးတော့ ဖောင်းတာ ပိန်တာ ကို မှတ်နေမယ်ဆိုရင် ဖောင်းစ ဖောင်းလယ် ဖောင်းဆုံး ၃-မျိုးလုံးကို သူကသိနေတတ်ပါတယ်။ ဖောင်းစကို လည်းသိ၊ ဖောင်းလယ်ကိုလည်းသိ၊ ဖောင်းဆုံးကိုလည်း သိ၍ "တပည့်တော် ဖောင်းစ ဖောင်းလယ် ဖောင်းဆုံး ၃-မျိုးလုံးကို သိနေပါတယ်ဘုရား" လျှောက်ရင် ဒီယောဂီ ဘယ်ဉာဏ်ရောက်နေလဲ ... သမ္မသနဉာဏ် ရောက်နေ ပါပြီဘုရား။ သမ္မသနဉာဏ် ရောက်နေပြီလို့ ဆုံးဖြတ်ပါ။

ဆင့်ကာဆင့်ကာမှတ်လို့ သမာဓိဉာဏ် တစ်ဆင့် ရင့်ကျက် အားရှိထက်သန်လာတဲ့အခါ ဥဒယဗ္ဗယ

www.dhammadownload.com

ဉာဏ်သို့ ရောက်သွားတယ်၊ ၄-နံပါတ်ဉာဏ်စဉ်သို့ ရောက်သွားတယ်။ ဥဒယဗ္ဗယဉာဏ်ရောက်ခါစ အနုပိုင်းမှာတော့ ဖြစ်ပျက်တွေ သိပ်မထင်ရှားသေးဘူး။ ဥဒယဗ္ဗယဥ္စ ဥဒယက-ဖြစ်၊ ဝယက-ပျက်၊ ဥဒယဗ္ဗယ ဉာဏ်ဆိုတာ အဖြစ်နဲ့အပျက်ကိုသိတဲ့ဉာဏ်။ ဝိပဿနာရှုလို့ ဥဒယဗ္ဗယဉာဏ်သို့ ရောက်ခါစတော့ အဲဒီဖြစ်တာပျက်တာတွေက သိပ်မထင်ရှားသေးဘူး။ ဘာထင်ရှားလဲဆိုတော့ ချမ်းသာတာတွေကပဲ ထင်ရှားတယ်။

ကာယလဟုတာ စိတ္တလဟုတာ - ကိုယ်ကလည်းပေါ့ပါး စိတ်ကလည်းပေါ့ပါး။ ကာယမုဒုတာ စိတ္တမုဒုတာ - ကိုယ်ကလည်းနူးညံ့ စိတ်ကလည်းနူးညံ့။ ကာယုဇုကတာ စိတ္တုဇုကတာ - ကိုယ်ကလည်းဖြောင့်မတ် စိတ်ကလည်းဖြောင့်မတ်။ ကာယကမ္မညတာ စိတ္တကမ္မညတာ - ကိုယ်ကလည်းခံ့ကျန်း စိတ်ကလည်းခံ့ကျန်း။

www.dhammadownload.com

အောက်အောက်ဉာဏ်တွေမှာ ၁-နာရီမှာ တစ်ခါ နှစ်ခါပြင်ပြီးတော့ ထိုင်နေရတဲ့ ယောဂီပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်သို့ ရောက်သွားတဲ့အခါ တစ်ခါမှမပြင်ရတော့ဘူး။ အောက်အောက်ဉာဏ်တွေမှာထဲက တစ်ခါမှမပြင်ဘဲ ထိုင်နိုင်တဲ့ပုဂ္ဂိုလ်ကျတော့ ဥဒယဗ္ဗယဉာဏ်သို့ ရောက်လာတဲ့အခါ ၂-နာရီ၊ ၃-နာရီ၊ ၄-နာရီ၊ ၅-နာရီ စသည်ဖြင့် ဆက်ပြီးတော့ ထိုင်နိုင်သွားတယ်။ ကိုယ်ကလည်းခံ့ကျန်း စိတ်ကလည်းခံ့ကျန်းလို့ဖြစ်တယ်။

ကာယပါဂုညတာ စိတ္တပါဂုညတာ - ကိုယ်ကလည်းလေ့လာပြီးသား စိတ်ကလည်းလေ့လာပြီးသား။ မှတ်စရာအာရုံနဲ့ မှတ်သိစိတ် အလိုလိုမှတ်နေရသကဲ့သို့ "တပည့်တော် ထိုင်ပြီးတော့ ကြည့်နေရသလိုပါပဲဘုရား" ယောဂီများ တစ်ခါတစ်ခါ မလျှောက်ထားပါဘူးလား ... လျှောက်ထားပါတယ်ဘုရား။ ဘယ်ဉာဏ်သို့ရောက်နေပါလဲ ... ဥဒယဗ္ဗယဉာဏ်သို့ ရောက်နေပါတယ်ဘုရား။ အနုပိုင်းလား၊ အရင့်ပိုင်းလား ... အနုပိုင်းပါဘုရား။ အနုပိုင်းပဲရှိသေးတယ်။

www.dhammadownload.com

ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ - ကိုယ်ကလည်း ငြိမ်းအေး စိတ်ကလည်းငြိမ်းအေး။ "တပည့်တော် လူ့ဘဝမှာ တစ်ခါမှ ဒီလောက် ကိုယ်စိတ်တွေ မငြိမ်းအေးဖူးပါဘူးဘုရား။ တပည့်တော် ခန္ဓာကိုယ်လေးဟာ တရားထိုင်နေတဲ့အခိုက်အတန့်မှာ ပစ်တိုင်းထောင်လေး ထောင်ထားသလို တည့်တည့်မတ်မတ် ငြိမ်းအေးနေတာပါဘုရား။ စိတ်ကလည်း ငြိမ်းအေးနေတယ်ဘုရား" လို့ လျှောက်ထားတယ်။ ဘယ်ဉာဏ်များရောက်နေပါလဲ ... ဥဒယဗ္ဗယဉာဏ်အနုပိုင်း ရောက်နေပါတယ်ဘုရား။ အနုပိုင်း ရောက်နေတာဖြစ်တယ်။

ကာယိကသုခ စေတသိကသုခ - ကိုယ်ကလည်း ချမ်းသာ စိတ်ကလည်းချမ်းသာ။ "လူ့ဘဝမှာ တစ်ခါမှ ကိုယ်စိတ်တွေ အခုလောက် မချမ်းသာဖူးပါဘူးဘုရား" လို့ လျှောက်ထားတယ်။ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း ယောဂီပုဂ္ဂိုလ်တွေ ချမ်းသာသုခတွေ တွေ့နေရတယ်။

www.dhammadownload.com

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

သုညာဂါရံ = ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့၊ ပဝိဋ္ဌဿ = ဝင်လျက်၊ သန္တစိတ္တဿ = ငြိမ်သက်သော စိတ်ရှိသည်ဖြစ်၍၊ သမ္မာ = ကောင်းစွာ၊ ဓမ္မံ = ရုပ်တရား နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းသဘောကို၊ ဝိပဿတော = ဝိပဿနာရှုသော၊ ဘိက္ခုနော = ဘေးကိုရှုတတ် ယောဂီမြတ်အား၊ အမာနုသီ = လူသာမန် နတ်သာမန်တို့ မခံစား မတွေ့သိနိုင်သော၊ ရတိ = ဝိပဿနာပီတိသုခတို့ဖြင့် ပျော်မွေ့ခြင်းသည်၊ ဟောတိ = ဖြစ်၏။ ဣတိ = ဤသို့၊ ဘဂဝါ = မြတ်စွာဘုရားသည်၊ အဝေါစ = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

ဥဒယဗ္ဗယဉာဏ်သို့ ရောက်နေတဲ့ ယောဂီပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာကမ္မဋ္ဌာန်းကျောင်းသို့ ချဉ်းကပ်ပြီးတော့

www.dhammadownload.com

ရုပ်တရား၊ နာမ်တရားတို့၏ ဖြစ်ခြင်း ပျက်ခြင်းသဘော တွေ ရှုမှတ်ပြီးတော့နေလိုက်တာ ဝိပဿနာပီတိသုခ တွေ ဖြစ်လာလို့ အဲဒီဝိပဿနာပီတိသုခတွေဖြင့် ချမ်းသာနေလိုက်တာ ပျော်မွေ့နေရတာ လူသာမန်မဆို ထားနဲ့ နတ်သာမန်တွေတောင်မှ မပျော်မွေ့နိုင်ဘူးလို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း အမှတ် ကောင်းတဲ့ ယောဂီပုဂ္ဂိုလ်တွေကိုယ်တိုင် မတွေ့ကြရပါ ဘူးလား ... ကိုယ်တိုင်တွေ့ကြရပါတယ်ဘုရား။ ကိုယ် တိုင်တွေ့ကြရပေတယ်။

အဲဒီဝိပဿနာပီတိသုခတွေမှာ သာယာနေမယ် ဆိုလို့ရှိရင် တရားတွေ ရှေ့ကိုမတက်တော့ပေဘူး။ ထို့ကြောင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော် ဘုရားကြီးက ဆောင်ပုဒ်ဖြင့် "ရှုမှတ်ကောင်းဆဲ၊ သာယာစွဲ၊ အထဲရပ်နေသည်"ဟု မိန့်ကြားခဲ့ပါသည်။

တရားတွေ ရပ်သွားတတ်တယ်၊ အထူးသတိ မထားရပါဘူးလား ... အထူးသတိထားရပါတယ်ဘုရား။ ထို့ကြောင့် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်

www.dhammadownload.com

ဘုရားကြီးက ဆောင်ပုဒ်ဖြင့် "သာယာပယ်ဖြတ်၊ ပေါ်တိုင်းမှတ်၊ မရပ်တိုးတက်သည်"ဟု မိန့်ကြားခဲ့ပါသည်။

သာယာပယ်ဖြတ်ပြီးတော့ ဆင့်ကာဆင့်ကာ ရှုမှတ်လိုက်လို့ရှိရင် ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းသို့ ရောက်သွားတဲ့အခါ ဖောင်းတာ ပိန်တာတွေ၊ ဖောင်းစနဲ့ ဖောင်းဆုံး၊ ပိန်စနဲ့ပိန်ဆုံး အထူးထင်ရှားလာတတ်ပါတယ်။ ဖောင်းပိန်တွေကလည်း လျင်မြန်လာတတ်ပါတယ်။ အဲဒီဆောင်ပုဒ်ကလေး ထည့်ပြီးတော့ ဆိုကြရအောင်။ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းသို့ ရောက်လာပြီလို့ သိရအောင်ဖြစ်တယ်။

ဆောင်ပုဒ်။ ။ ဖောင်းပိန်လျင်မြန်၊ စဆုံးဟန်၊ မြင်ပြန်ဥဒယ။

အဲဒီဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းသို့ ရောက်လာတဲ့အခါ ဖောင်းပိန်တွေက နည်းနည်းလည်း ပိုမြန်လာတတ်တယ်။ "ဖောင်းပိန်တွေက သိပ်ပြီးတော့ မြန်နေ

www.dhammadownload.com

တယ်ဘုရား၊ တပည့်တော် မှတ်ရတာ နည်းနည်းခက်ပါတယ်ဘုရား" မလျှောက်ထားတတ်ပါဘူးလား ... လျှောက်ထားတတ်ပါတယ်ဘုရား။

သေချာစူးစိုက်ပြီးတော့မှတ်၊ အစနဲ့အဆုံးကို သိအောင်မှတ်၊ မပြောရပါဘူးလား ... ပြောရပါတယ်ဘုရား။ အစနဲ့အဆုံး သိသွားရင် သိပ်မမြန်နိုင်တော့ဘူး။ အစနဲ့အဆုံး၊ အစနဲ့အဆုံးကို သိအောင် စူးစိုက်၍မှတ်ပါ။ ဖောင်းစက-ဖြစ်၊ ဖောင်းဆုံးကျတော့ ... ပျက်ပါဘုရား။ ပိန်စက-ဖြစ်၊ ပိန်ဆုံးကျတော့ ... ပျက်ပါဘုရား။ ဖြစ်ပျက်တွေ ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းသို့ ရောက်သွားတဲ့အခါ ထင်ရှားလာပါတယ်။

ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းသို့ ရောက်လာရင် ဖောင်းပိန်တွေ နည်းနည်းတော့ မြန်နေတတ်တယ်။ မြန်ပင်မြန်ငြားသော်လည်း စူးစိုက်လိုက်လို့ရှိရင် အစနဲ့အဆုံး ပိုပြီးတော့ ထင်ရှားနေတတ်တယ်။ "တပည့်တော် ဖောင်းစနဲ့ဖောင်းဆုံး၊ ပိန်စနဲ့ပိန်ဆုံး ထင်ရှားလာပြီ

www.dhammadownload.com

ဘုရား" ဘယ်ဉာဏ်ရောက်သွားပြီလဲ ... ဥဒယဗ္ဗယ ဉာဏ်အရင့်ပိုင်းသို့ ရောက်နေပါပြီဘုရား။

ဥဒယဗ္ဗယဉာဏ်အရင့်ပိုင်းသို့ ရောက်သွားပြီ ဖြစ်တယ်။ တရားလမ်းကြောင်းပေါ်သို့ ရောက်သွားပြီ။ ထိုပုဂ္ဂိုလ်ကို ကမ္မဋ္ဌာန်းဆရာများက သိပ်ကြောင့်ကြမပြုရ တော့ပေဘူး၊ တရားလမ်းကြောင်းပေါ်သို့ ရောက်သွားပြီ ဖြစ်တယ်။ ဖြစ်တာပျက်တာတွေ မြင်သွားတော့ သူ့ တရားတွေကို သူယုံကြည်အားကိုးတဲ့စိတ်တွေ ပိုမများ လာပါဘူးလား ... ပိုများလာပါတယ်ဘုရား။ ပိုများလာ ပေတယ်။

ဆင့်ကာဆင့်ကာ မှတ်လိုက်တော့ ဘင်္ဂဉာဏ်သို့ ရောက်သွားတယ်။ ဘင်္ဂဉာဏ်သို့ ရောက်သွားတဲ့အခါ ကျတော့ ဖောင်းစပိန်စတွေက မထင်ရှားတော့ဘူး၊ ဖောင်းဆုံးပိန်ဆုံးတွေပဲ ထင်ရှားတယ်။

ဆောင်ပုဒ်။ ။ 'စ'ကားမထင်၊ 'ဆုံး'သာထင်၊
မြင်လျှင်ဘင်္ဂဉာဏ်။

www.dhammadownload.com

ဖောင်းစက မထင်ရှားဘူး၊ ဖောင်းဆုံးပဲ ထင်ရှားတယ်၊ ပိန်စက မထင်ရှားဘူး၊ ပိန်ဆုံးပဲ ထင်ရှားတယ် ဆိုလို့ရှိရင် ထိုယောဂီပုဂ္ဂိုလ် ဘယ်ဉာဏ်ရောက်နေပါလဲ ... ဘင်္ဂဉာဏ်ရောက်နေပါပြီဘုရား။ ဘင်္ဂဉာဏ်ရောက်သွားပြီဖြစ်တယ်။ ၅-နံပါတ်ဉာဏ်ရောက်သွားတော့ ဗလဝဝိပဿနာဖြစ်တယ်။ အားရှိတဲ့ဝိပဿနာဖြစ်သွားတယ်။

ဘင်္ဂဉာဏ်ရောက်သွားတဲ့အခါ ခန္ဓာကိုယ်အထည်ဒြပ်တွေက သိပ်မထင်ရှားတော့ပေဘူး၊ သဘောတရားတွေပဲ ထင်ရှားတယ်။ ရောက်ခါစတော့ ယောဂီမှာနည်းနည်းတော့ မှတ်ရခက်နေတတ်တယ်။ ဥဒယဗ္ဗယဉာဏ်တိုင်အောင် အထည်ဒြပ်နှင့်တကွ ပစ္စုပ္ပန်တည့်တည့် ရှုမှတ်ခဲ့ရလို့ ဥဒယဗ္ဗယဉာဏ်မှာ တော်တော်မှတ်လို့ ကောင်းခဲ့ပေတယ်။

ရုတ်တရက် ဘင်္ဂဉာဏ်သို့ ပြောင်းလိုက်တဲ့အခါ အထည်ဒြပ်တွေကလည်း မထင်ရှားတော့ဘူး၊ ဖောင်းစ

www.dhammadownload.com

ပိန်စတွေကလည်း မထင်ရှားတော့ဘူး။ ရုတ်တရက် ရောက်ခါစ မှတ်ရတာ နည်းနည်းခက်နေတတ်ပေတယ်။ ဟာတာတာ ဖွာကြဲကြဲကြီးနဲ့ အမှတ်တွေ ကျသွားပြီ ထင်တယ်၊ တရားတွေ ကျသွားပြီထင်တယ်လို့ ဒီလို တောင် ထင်သွားတတ်တယ်။

ဒုက္ခဝေဒနာလေးတွေလည်း အဲဒီအခါမှာ နည်းနည်းတော့ ပေါ်လာတတ်ပါတယ်၊ "အပ်လေးနဲ့ လိုက်ထိုးနေသလို ဆွပေးနေသလိုပါပဲဘုရား။ တပည့်တော် ဒုက္ခဝေဒနာတွေ ပြန်တွေ့နေရပြီဘုရား"လို့ လျှောက်ထားတယ်။

ဒုက္ခဝေဒနာလည်း ပြန်တွေ့ရ၊ အမှတ်ကလည်း မထင်ရှားတော့ ယောဂီ စိတ်ဓာတ်နည်းနည်းမကျသွားတတ်ပါဘူးလား ... စိတ်ဓာတ်ကျသွားတတ်ပါတယ်ဘုရား။ ကျသွားတတ်တယ်။ မကျစေရဘူး၊ မကျစေရဘူး၊ ဘင်္ဂဉာဏ်ကူးခါစ ဒီလိုပါပဲ"လို့ မပြောပေးရပါဘူးလား ... ပြောပေးရပါတယ်ဘုရား။ ပြောပေးရမယ်။ ဘင်္ဂဉာဏ်ရောက်သွားတော့ ဖောင်းစပိန်စတွေ

www.dhammadownload.com

မထင်ရှားတော့ပေဘူး၊ ဖောင်းဆုံးပိန်ဆုံးတွေပဲ ထင်ရှားတယ်။

ဆောင်ပုဒ်။ ။ 'စ'ကားမထင်၊ 'ဆုံး'သာထင်၊ မြင်လျှင်ဘင်္ဂဉာဏ်။

ဖောင်းစပိန်စတွေ မထင်ရှားတော့ပေဘူး၊ ဖောင်းဆုံးပိန်ဆုံးတွေပဲ ထင်ရှားတယ်။ ဘယ်အာရုံကိုပဲဖြစ်ဖြစ် ရှုမှတ်လိုက်ရင် အဆုံးအဆုံးပဲ ထင်ရှားနေတယ်။ အဆုံးအဆုံးပဲ ထင်ရှားနေတော့ ဗဟုသုတမရှိတဲ့ ပုဂ္ဂိုလ်တွေကျတော့ အစတွေ ပြန်ရှာတယ်။ ရှာလို့ရပါ့မလား ... ရှာလို့မရပါဘုရား။ တရားသဘောအရ သူ့ဉာဏ်စဉ်အရ အစမထင်ရှားတော့ လိုက်ရှာတော့ ချမ်းသာမလား၊ ဆင်းရဲမလား ... ဆင်းရဲပါတယ်ဘုရား။ "အို-ဆင်းရဲလိုက်တာဘုရား။ တပည့်တော် ၁-နာရီလုံးလုံး ရှာလိုက်တာ ချွေးလုံးချွေးပေါက်ကျတယ်ဘုရား။ အစလည်း ရှာမတွေ့ဘူးဘုရား"လို့ လျှောက်ထားတယ်။ တရားတွေ ရှေ့ကို တိုးတက်မလား ... မတိုးတက်ပါဘုရား။ ရှာနေတော့

www.dhammadownload.com

ဘယ်တိုးတက်တော့မလဲ။ "ယောဂီ - ဒီဉာဏ်ရောက်ရင် ဒီလိုပဲဖြစ်တယ်။ မရှာနဲ့တော့" မပြောရပါဘူးလား ... ပြောရပါတယ်ဘုရား။ "ယောဂီ - အဆုံးကိုပဲ စူးစိုက်ပြီးတော့ရှုမှတ်၊ အဆုံးမှာ ပျက်ပျက်သွားတာကို စူးစိုက်ပြီးတော့ ရှုမှတ်ပါ"ဟု မပြောပေးရပါဘူးလား ... ပြောပေးရပါတယ်ဘုရား။ ဗဟုသုတရှိဖို့ မလိုအပ်ပါဘူးလား ... လိုအပ်ပါတယ်ဘုရား။

ဆက်ကာဆက်ကာ ရှုမှတ်လို့ သမာဓိဉာဏ်တစ်ဆင့် အားရှိထက်သန်လာသောအခါ ဖောင်းတယ်လို့ ရှုမှတ်လိုက်လျှင် ဖောင်းတဲ့ရုပ်အမှုအရာများ ရိပ်ခနဲ ကုန်ပျက်သွားတာကို မြင်ပြီးသည့်အပြင် ဖောင်းတယ်လို့ မှတ်သိလိုက်သည့် မှတ်သိစိတ်ပါ ကုန်ပျက်သွားတာကို တွေ့မြင်ကြရပေတယ်။ ပိန်တယ်လို့ ရှုမှတ်လိုက်တဲ့အခါမှာလည်း ပိန်တဲ့ရုပ်အမှုအရာများ ရိပ်ခနဲ ကုန်ပျက်သွားတာကို မြင်ပြီးသည့်အပြင် ပိန်တယ်လို့ မှတ်သိလိုက်သည့် မှတ်သိစိတ်ပါ ကုန်ပျက်သွားတာကို တွေ့မြင်ကြရပေတယ်။

www.dhammadownload.com

ဤကဲ့သို့ တွေ့မြင်သွားကြသောအခါ ဖောင်းတဲ့ ပိန်တဲ့ ရုပ်တရားများလည်း မမြဲပေဘူး၊ မှတ်သိစိတ်များလည်း မမြဲပေဘူး၊ အနိစ္စပဲပဲဟု သိလာတတ်ကြပေသည်။ ကုန်ပျက်သည်များက မြန်လွန်းလှသဖြင့် နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲခြင်းဒုက္ခပဲဟု သိလာတတ်ကြပေသည်။

ဤကဲ့သို့ ကုန်ပျက်နှိပ်စက်ခြင်းများကို ဘယ်လိုမှ ကာကွယ်လို့မရ၊ သူ့သဘောအတိုင်း ကုန်ပျက်နှိပ်စက်နေ၍ "ကိုယ်အစိုးမရခြင်း အနတ္တပဲ"ဟု သိလာတတ်ကြပေသည်။

ဤကဲ့သို့ အနိစ္စ ဒုက္ခ အနတ္တဉာဏ်အမြင်များ ပိုင်သွားပြီးလျှင် ဉာဏ်စဉ်များ အဆင့်ဆင့်တက်ပြီး သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်များသို့ ရောက်သွားနိုင်ကြမည် ဖြစ်ပေသည်။

သောတာပတ္တိမဂ်ဉာဏ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် အနမတဂ္ဂသံသရာ = အစမထင်သံသရာ

www.dhammadownload.com

တစ်ခွင်က မသိမိုက်မှား၍ မိမိပြုခဲ့မိသည့် အပါယ်ကျစေနိုင်သည့် ကံဆိုးကံဟောင်းတွေ အကုန်လုံး ကင်းပြတ်သွားပေသည်။ သောတာပတ္တိမဂ်ဉာဏ်က ပယ်သတ်လိုက်ပေသည်။ နောင်ဘယ်သောအခါမှ အပါယ်သံသရာအတွက် အကျိုးပေးခွင့် မရတော့ပေ။ မိုးကြိုးပစ်၍ ထိမှန်သွားသောသစ်ပင်သည် နောင်တစ်ဖန် မရှင်သန်နိုင်သကဲ့သို့ ဘယ်သောအခါမှ အပါယ်သံသရာအတွက် အကျိုးပေးခွင့် မရတော့ဘဲ အပါယ်သံသရာ အပြီးတိုင် ကင်းပြတ်သွားပေသည်။

ယခုဘဝမှာလည်း ငယ်ရွယ်စဉ်အခါက မသိမိုက်မှားလို့ ပြုလုပ်ခဲ့မိသည့် အပါယ်ကျစေနိုင်သော ကံဆိုးကံဟောင်းများ ရှိခဲ့လျှင်လည်း အပြီးတိုင် ကင်းပြတ်သွားပေသည်။ သောတာပတ္တိမဂ်ဉာဏ်က ပယ်သတ်လိုက်ပေသည်။ နောင်ဘယ်သောအခါမှ အပါယ်သံသရာအတွက် အကျိုးပေးခွင့် မရတော့ပေ။ သောတာပတ္တိမဂ်ဉာဏ်က အပြီးတိုင် ပယ်သတ်လိုက်ပေသည်။ အပါယ်တံခါး အပြီးတိုင် ပိတ်သွားပေသည်။ အကြာဆုံး ၇-ဘဝဖြင့် နိဗ္ဗာန်သို့ ဝင်စံသွားရမည် ဖြစ်ပေသည်။

www.dhammadownload.com

သောတာပတ္တိမဂ်ကို ရလိုက်သည်နှင့် တစ်ပြိုင်နက် အကျိုး ၇-မျိုးကိုလည်း ရရှိနိုင်ကြပေသည်။

၁။ အပါယ်သို့ ကျရောက်စေနိုင်သည့် လောဘစသော ကိလေသာကြမ်းများကို ဖောက်ခွဲဖျက်ဆီးလိုက်ခြင်း အကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

ဆောင်ပုဒ်။ ။ ပါယ်ကျစေရာ၊ ကိလေသာ၊ မှန်စွာဖောက်ခွဲသည်။

၂။ အစမထင် သံသရာဝဋ္ဋဒုက္ခ သမုဒ္ဒရာရေအယဉ်ကို ခန်းခြောက်စေခြင်း အကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

ဆောင်ပုဒ်။ ။ သံသရာရေယဉ်၊ သမုဒ္ဒရာပင်၊ အစဉ်ခြောက်စေသည်။

၃။ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဟူသော အပါယ် ၄-ဘုံတံခါးပိတ်သွားခြင်း အကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

www.dhammadownload.com

ဆောင်ပုဒ်။ ။ အပါယ်တံခါး၊ လုံးစုံများ၊
ပိတ်သွားပြီးစေသည်။

၄။ အရိယာတို့၏ဥစ္စာဖြစ်သည့် သဒ္ဓါ သီလ ဟိရီ ဩတ္တပ္ပ သုတ စာဂ ပညာဟူသော အရိယာပုဂ္ဂိုလ်တို့၏ ဥစ္စာ ၇-ဖြာကို ရရှိခြင်းအကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

ဆောင်ပုဒ်။ ။ အရိယာဥစ္စာ၊ ခုနစ်ဖြာ၊
မှန်စွာရစေသည်။

၅။ အပါယ်သို့ကျစေနိုင်သည့် မိစ္ဆာမဂ္ဂင် ၈-ပါးကို ပယ်ပစ်နိုင်ခြင်း အကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

ဆောင်ပုဒ်။ ။ မိစ္ဆာမဂ္ဂင်၊ ရှစ်ခုလျှင်၊
အစဉ်ပယ်ပစ်သည်။

www.dhammadownload.com

၆။ ငါးပါးသီလ မလုံခြင်းကြောင့် ဖြစ်လာနိုင်သည့် ယခုဘဝဘေးရန်နှင့် နောင်ဘဝများ၌ ဖြစ်လာနိုင်သည့် ဘေးရန်အားလုံးတို့ကို ငြိမ်းစေခြင်း အကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

ဆောင်ပုဒ်။ ။ လုံးစုံဘေးဒဏ်၊ မဖြစ်ရန်၊ အမှန်ငြိမ်းစေသည်။

၇။ သောတာပတ္တိမဂ်ကို ရလိုက်သည်နှင့် တစ်ပြိုင်နက် မြတ်စွာဘုရား၏ သားတော်အစစ် သမီးတော်အစစ် ဖြစ်သွားရခြင်း အကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

ဆောင်ပုဒ်။ ။ ဗုဒ္ဓရင်နှစ်၊ သားသမီးစစ်၊ အဖြစ်ရစေသည်။

ဓာတ်ကြီးလေးပါးတို့တွင် မိမိသန္တာန်၌ ထင်ရှားရာ ဓာတ်များကို ရှုမှတ်ခြင်းဖြင့် သောတာပတ္တိမဂ်ဖိုလ်မှစ၍

www.dhammadownload.com

မိမိတို့အလိုရှိအပ်သော တရားထူး တရားမြတ်များကို ရရှိသွားနိုင်ကြမည် ဖြစ်ပေသည်။

အသင့်အတင့် ပြည့်စုံသွားပါပြီ၊ ဤကဲ့သို့ ယနေ့ ယခုအခါ၌ ဓာတ်ကြီးလေးပါးတရားတော်ကို နာကြား ရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့အလိုရှိအပ်သော တရားထူး တရားမြတ်တို့ကို ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ ဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ ကုန်သတည်း။

ဆရာတော်ဘုရား ပေးသနားသည့်ဆုနှင့်
ပြည့်စုံရပါလို၏အရှင်ဘုရား။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်